ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်၊ ကြာသပတေးနေ့ (23-6-2011) (၆၇၉၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Mr. S.M. Krishna အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr.S.M. Krishna ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr.S.M. Krishna ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Mr. S.M. Krishna ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri တက်ရောက်သည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E. Mr.S.M. Krishna ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror
၂၃ - ၆ - ၂၀၁၁
(ကြာသပတေးနေ့)

နိုးကြားကြိုးစား စွမ်းအားကိုယ်စီ လက်တွဲညီ

နိုင်ငံအတွင်း ရေ၊ မြေ ရာသီဥတု သဘာဝအခြေခံကောင်းများရှိရာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အစဉ်တစိုက် လုပ်ကိုင်လာခဲ့ကြသည်။ ခေတ်မီနည်းပညာများ အသုံးပြုခြင်း၊ မျိုးကောင်းမျိုးသန့်သီးနှံများ ရွေးချယ်စိုက်ပျိုးခြင်းတို့ဖြင့် လယ်ယာစီးပွားအခြေခံ တိုးတက်ခိုင်မာစေရန် ဆက်လက်အားထုတ် အလုပ်လုပ်ကြရပေမည်။

နိုင်ငံတော်က လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရေးကို အလေးထားသည်။ လူဦးရေအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်လျက်ရှိကြပြီး စိုက်ပျိုးရေးလုပ်ငန်းသည် အဓိကအသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေကြသော လုပ်ငန်းဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှသာ ပြည်သူအများစု၏ စီးပွားရေးတိုးတက်မှုကို ရရှိနိုင်မည်။ ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်သည်။

ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် လက်တွေ့ကျသောလုပ်ငန်းများ ထိရောက်စွာဖော်ဆောင်နိုင်ရေး ကြိုးပမ်းနေကြပေပြီ။ စိုက်ပျိုးရေးထုတ်ကုန်လုပ်ငန်းများတွင် စိုက်ဧကတိုးချဲ့ရုံသာမက စပါးတစ်ဧက တင်း ၁၀၀ ပန်းတိုင် အထွက်နှုန်းရရှိရေး၊ သီးနှံအလိုက် ပန်းတိုင်အထွက်တိုးရေး အားထုတ်ကြရမည်ဖြစ်သည်။

သီးနှံအလိုက် အထွက်တိုးရေးတွင် လိုအပ်သည့်သွင်းအားစုများ အချိန်မှန်၊ အချိုးမှန်ထည့်သွင်းရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့် သုံးစွဲရေးတို့သည် မဖြစ်မနေလုပ်ဆောင်ကြရမည့် လုပ်ငန်းစဉ်များဖြစ်သည်။ လိုအပ်သည့် အရင်းအနှီးများကို လိုအပ်သည့်အချိန်တွင် လုံလောက်စွာရရှိရေးသည်လည်း အလေးထားကြရမည့် အချက်ဖြစ်သည်။

လယ်ယာကဏ္ဍထုတ်လုပ်မှုတိုးတက်ရေးအတွက် တောင်သူလယ်သမားများနှင့် လုပ်ငန်းရှင်များအကြား စီးပွားဖက်နှစ်ဦးနှစ်ဖက် မျှတသည့် အကျိုးရလဒ်ဖြစ်ထွန်းစေရေး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရပေမည်။ နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများ၊ လုပ်ငန်းရှင်များကပါ ပူးပေါင်းလုပ်ကိုင်သွားကြရန် လိုအပ်မည်ဖြစ်သည်။ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းတိုင်းကို တွေးတောချင့်ချိန် ဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ ပြည်သူများအပိုင်းကလည်း တည်ငြိမ်အေးချမ်းမှုများ ဆက်လက်တည်မြဲအောင် လက်တွဲထိန်းသိမ်းကြိုးပမ်းသွားကြရမည် ဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်က စိုက်ပျိုးရေးအခြေခံလိုအပ်ချက်များ ပြည့်စုံအောင် အလေးထားထူထောင်ပေးနေပြီ။ စိုက်ဧကတိုးချဲ့ရုံသာမက သီးနှံစုံအထွက်တိုးရေး အားစိုက်လုပ်ဆောင်ကြရပေမည်။ သာဓကအားဖြင့် ဧရာဝတီတိုင်းဒေသကြီးကဲ့သို့ သဘာဝသယံဇာတကြွယ်ဝသည့် ရေ မြေ အခြေခံကောင်းများတွင် ဒေသခံတောင်သူလယ်သမားများနှင့် ပြည်သူများက နိုးနိုးကြားကြား ကြိုးကြိုးစားစား ဖွဲ့ လှုံ့စွမ်းအားကိုယ်စီဖြင့် လက်တွဲညီညီ ပေါင်းစည်းလုပ်ကိုင်ကြခြင်းဖြင့် ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်သည်ထက် ပိုမိုတိုးတက်ဖြစ်ထွန်းလာမည် ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဒေါ်မြရင်မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် မတည်အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂၂-၆-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၄၇၀၀	၀. ၀၃၂၈၂
တရုတ် (ယွမ်)	၆. ၄၆၄၃၅	၀. ၁၅၄၆၉
အိန္ဒိယ (ရူပီး)	၄၄. ၈၂၀၀	၀. ၀၂၂၃၁
မလေးရှား (ရင်းဂစ်)	၃. ၀၂၅၆၀	၀. ၃၃၀၅၁
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၂၀၉	၀. ၈၁၁၆၃
ဂျပန် (ယန်း)	၈၀. ၁၅၅၂	၀. ၀၁၂၄၈
တောင်ကိုရီးယား(ဝမ်)	၁၀၇၄. ၁၅	၀. ၀၀၀၉၃
ယူရို	၀. ၆၉၅၄၇	၁. ၄၃၇၈၈
ဗြိတိသျှ (ပေါင်)	၀. ၆၂၁၁၇	၁. ၆၀၉၈၆

အင်တာနက်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အခွန်ထမ်းပြည်သူများအား အခွန်ဆိုင်ရာပညာပေးရှင်းလင်း

နေပြည်တော် ဇွန် ၂၂

အခွန်ထမ်းပြည်သူများက နိုင်ငံတော်သို့ အခွန်ငွေများပေးဆောင်မှု ပြုရာတွင် အခွန်ငွေအားလုံးသည် နိုင်ငံတော်၏ ဘဏ္ဍာဖြစ်ပြီး နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ ပြန်လည်အသုံးချလျက်ရှိသဖြင့် အခွန်ထမ်းပြည်သူတို့၏ အကျိုးစီးပွားကို ပြန်လည်တုံ့ပြန်ခြင်းဖြစ်သကဲ့သို့ နိုင်ငံတော်အတွက် မွန်မြတ်သော တာဝန်ထမ်းဆောင်မှုဖြစ်ကြောင်းဖြင့် ဇွန် ၂၀ ရက် နံနက် ၁၀ နာရီတွင် ပျဉ်းမနားမြို့ ကန်တော်ခန်းမ၌ ကျင်းပသည့် နေပြည်တော်ကောင်စီနယ်မြေ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းပွဲတွင် နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့နယ် အခွန်ဦးစီးမှူး ဦးမင်းနိုင်ဦးက ဝင်ငွေခွန်ဆိုင်ရာ သိကောင်းစရာအချက်များနှင့် ဝင်ငွေ ကြေညာလွှာ တင်သွင်းမှုဆိုင်ရာ ဆောင်ရွက်ရမည့် အချက်များကိုလည်းကောင်း၊ လယ်ဝေးမြို့နယ် အခွန်ဦးစီးမှူး ဦးညွန့်တင်က လစဉ်ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည့် အချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

အဆိုပါ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းပွဲသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တပ်ကုန်း၊ ပျဉ်းမနား၊ လယ်ဝေးမြို့နယ်တို့မှ အခွန်ထမ်းပြည်သူ ၃၅၀ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

အခွန်ဆိုင်ရာရှင်းလင်း

နေပြည်တော် ကောင်စီဝင် ဦးမြင့်ဆွေ နေပြည်တော်ကောင်စီနယ်မြေ အခွန်ဆိုင်ရာ ပညာပေး ရှင်းလင်းပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မွန်ပြည်နယ် သစ်တောဦးစီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၂

မွန်ပြည်နယ် သစ်တောဦးစီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၁၈ ရက်တွင် မော်လမြိုင်တက္ကသိုလ်(၁၀) မြို့နယ် အဆောင်ကျောင်းဝင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်သစ်တောဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းမော်ဦးနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချစ်ပေါ ဦးဆောင်သော ပြည်နယ်၊ ခရိုင်၊ မြို့နယ်သစ်တောဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မော်လမြိုင် တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဌေးအောင်နှင့် ဆရာ၊ဆရာမများ ၊ ကျောင်းသား၊ကျောင်းသူများ၊ ပြည်သူများ စုစုပေါင်းအင်အား ၉၀၀ ကျော် တက်ရောက်ပြီး ကျွန်း၊ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ ခရေ၊ ကံ့ကော်၊ပျဉ်းမ၊ စိန်ပန်းဝါ၊ ထောက်ကြံ့သစ်ပင်မျိုးများ စုစုပေါင်း ၉၀၀ ကို စိုက်ပျိုးခဲ့ကြသည်။

(သတင်းစဉ်)

ပုဏ္ဏားကျွန်းမြို့နယ်၌ စီမံကိန်းတာဝန် ပေးအပ်

ပုဏ္ဏားကျွန်း ဇွန် ၂၂

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ်၏ ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲကို မေ ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးရာဇ်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ဦးစီးမှူး ဦးအောင်ရွှေဇံက စီမံကိန်းလျာထားချက်များကိုလည်းကောင်း၊ ဦးစီးမှူး ဦးမောင်ဦးကျော်က မြေအမျိုးအစားအလိုက် စိုက်ဧကများကိုလည်းကောင်း၊ မန်နေဂျာ ဦးကျော်မိုးဝင်းက သိပ္ပံနည်းကျမျိုးကောင်းမျိုးသန့်များကို ဓာတ်မြေဩဇာအသုံးပြု၍ ပြောင်းလဲစိုက်ပျိုးရေးကို လည်းကောင်း ဆွေးနွေးပြောကြားကြကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးက ဌာနဆိုင်ရာများနှင့် ရပ်ကွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ စီမံကိန်းတာဝန်များ ပေးအပ်ခဲ့သည်။

(မြို့နယ်ပြန်/ဆက်)

ဟားခါးတက္ကသိုလ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြော

ဟားခါး ဇွန် ၂၂

ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇွန် ၁၆ ရက်က ဟားခါးတက္ကသိုလ် ရွှေဟားခါးခန်းမ၌ ကျင်းပရာ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဦးတင်ထွန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ဝင်း **(အပေါ်ပုံ)**၊ ဧရာဝတီတိုင်းဒေသကြီး ဟားခါးခရိုင် ယာဉ်ထိန်းတပ်ဖွဲ့မှ ဒုတိယတာဝန်ခံ ဒုရဲအုပ်ထွန်းအောင်ချို၊ ဒုတိယခရိုင် ဥပဒေအရာရှိ ဦးစိန်လှိုင်တို့က မော်တော်ယာဉ်၊ လမ်းအသုံးပြုသူများနှင့် ပတ်သက်သည်များကို ရှင်းလင်းဟောပြောပို့ချခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ဝက်နားရွက်ပြာရောဂါ ကင်းရှင်းရေး စစ်ဆေး

တောင်တွင်းကြီး ဇွန် ၂၂

တောင်တွင်းကြီးမြို့နယ်အတွင်း ဝက်နားရွက်ပြာရောဂါ ကာကွယ်ရေးနှင့် သန့်ရှင်း၍ ကျန်းမာရေးနှင့် ညီညွတ်သော အသားများ ရောင်းချစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဖြိုးကျော် ဦးဆောင်၍ တာဝန်ရှိသူများလိုက်ပါလျက် မြို့မဈေးအတွင်း အသားရောင်းချသောဆိုင်များသို့ လိုက်လံစစ်ဆေးခဲ့သည်။

(ကြေးမုံ)

ဝက်နားရွက်ပြာရောဂါကာကွယ်ရေး ပညာပေး

နွားထိုးကြီး ဇွန် ၂၂

နွားထိုးကြီးမြို့နယ် ဝက်နားရွက်ပြာရောဂါ ကာကွယ်ထိန်းချုပ်ရေး ပညာပေးဟောပြောပွဲကို မေ ၁၂ ရက်က နွားထိုးကြီး စုပေါင်းရုံး၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်မျိုးက အဖွင့်အမှာစကားပြောကြားသည်။ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာကျော်မိုးက ကျန်းမာရေးဆိုင်ရာ အချက်အလက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးအရာရှိ ဒေါက်တာသိဏ်းနိုင်က ဝက်နားရွက်ပြာရောဂါနှင့် တိရစ္ဆာန်မှ လူသို့ကူးစက်ရောဂါများကို ဟောပြောခဲ့သည်။ (၉၅)

Business, Investment & Education in Australia ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၂

Australian Visa and Student Services က ကြီးမှူး၍ Business, Investment & Education in Australia ဟောပြောပွဲကို ဇွန် ၂၇ ရက် မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်/စက်မှုအသင်းချုပ် ပထမထပ် ခန်းမကြီး၌ကျင်းပမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နိုင်သည်။

(သတင်းစဉ်)

ဇီဝမျိုးစုံ မျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

လက်ခံတွေ့ဆုံ

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr.S.M. Krishna ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်သည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr.S.M .Krishna **ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိအစည်းအဝေးဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့်အတူ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်း၊ ပြည်ထောင်စုလွှတ်တော်ရှိ ပါတီပေါင်းစုံ၊ တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သော လွှတ်တော်ကော်မတီဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr.S.M.Krishna ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Dr.Villur Sundararajan Seshadri လည်း တက်ရောက်သည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ကိုရီးယားသမ္မတနိုင်ငံ HANA International Inc. မှ Managing Director Mr.Hosub In ခေါင်းဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ကိုရီးယားသမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့တွေ့ဆုံ

နေပြည်တော် ဇွန် ၂၂

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ကိုရီးယားသမ္မတနိုင်ငံ HANA International Inc.မှ Managing Director Mr. Hosub In ခေါင်းဆောင်သော အဖွဲ့သည် ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကာ သီလဝါဆိပ်ကမ်းဒေသ စက်မှုဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်ရန်နှင့် ပို့ဆောင်ရေးဆိုင်ရာ ကဏ္ဍများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr.S.M. Krishna **ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။**

ဧည့်သည်တော် ပြည်ပရေးရာဝန်ကြီးနှင့် အဖွဲ့ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Dr.Villur Sundararajan Seshadri နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၆-၂၀၁၁ (ကြာသပတေးနေ့)

AM & PM

၅း၀၅ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ဇေဂ္ဂသုတ်
၅း၂၀ MRTV-4 သတင်း
၅း၃၀ "ခရီးနားဖြစ်အောင်ကြိုးစားကြ" တရားတော် (ဆရာတော်အရှင်တေဇနိယ)
၆း၄၀ မဟိယင်္ဂဏ(ခေါ်)မရှိခဏ စေတီတော်. . . ဖူးကြစို့နော်
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၄၃)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၁၀၁)**
၈း၅၀ မြိုင်ပရဟိတကျောင်းတိုက်မှ ကျောင်းဆောင်သစ်ရေစက်ချပွဲနှင့် မူလွန်ကျောင်းဖွင့်ခွင့်လက်မှတ်အပ်နှင်းပွဲ
၉း၀၅ မြန်မာ့သြဘာကုမ္ပဏီ၏ အထွက်တိုးပြိုင်ပွဲတွင်ဆုရရှိသော ဦးကြီးများအား ဂုဏ်ပြုပွဲနှင့် ၂၀၁၀-၂၀၁၁ ကံစမ်းမဲဖွင့်ပွဲ
၉း၂၀ Fashion Talk (Hip Hop Fashion)
၉း၅၀ ဆေးလိပ်ဖြတ်ပွဲအခမ်းအနားနှင့် အသည်းခြောက်ရောဂါ (အပိုင်း-၁) (ပါမောက္ခခင်မောင်ဝင်း-အသည်း)
၁၀း၁၅ မြန်မာ့လက်မှုအနုလက်ရာစုံစွာ. . .
၁၀း၂၅ သီချင်းကောင်းကောင်းသီချင်းတောင်း
၁၀း၅၅ The Champion of Dance
၁၁း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂း၀၀ မြန်မာ့ရတနာရွှေစိမ်းပြာ အကြောင်းဆွေးနွေးခြင်း
၁၂း၃၅ မြန်မာနိုင်ငံ၏ တစ်ဆူတည်းသော တမုတ်ရှင်ပင်ရွှေဂူကြီးဘုရား
၁း၀၀ "ခရီးနားဖြစ်အောင်ကြိုးစားကြ" တရားတော် (ဆရာတော်အရှင်တေဇနိယ)
၁း၅၀ ပူဇော်လျှုဒါန်းကြသက်န်း
၂း၀၀ MRTV-4 သတင်း
၂း၂၀ ရန်ကုန်မြင်ကွင်းကျယ်
၂း၅၅ ရှမ်းမြောက်မြေက. . . မွှေးကြိုင်သင်းပျံ့. . . ဝူးလုံရနံ့
၃း၀၅ Steel King Co., သစ်ဖွင့်ပွဲ အခမ်းအနား
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၄၃)**
၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁၀၁)**
၅း၀၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "အဖြူရောင်ရဲတိုက် ရုပ်ရှင်ကန်တော့ပွဲအခမ်းအနား"
၅း၂၅ ခတ်ပုံထဲမှအမှတ်တရများ
၅း၄၅ ရန်ကုန်မြင်ကွင်းကျယ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၄၄)**
၇း၁၀ Style ရှိမှ Star ဖြစ်မယ်
၈း၀၀ MRTV-4 သတင်း
၈း၃၀ စကားနပန်း
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၁၀၂)**
၁၀း၂၀ အားကစားမြင်ကွင်းစုံ
၁၀း၄၅ အနုပညာမိုးကောင်းကင်
၁၁း၁၀ တေးဂီတအစီအစဉ်
၁၁း၂၅ ဂီတသရုပ်ပြခန်း
၁၁း၅၀ "ရွှေဖြူ"ဟုခေါ်သည် (အပိုင်း-၁)
၁၂း၁၀ ဖန်တီးသူနှင့်အနုပညာ
၁၂း၄၀ My Night, My Dream AND Tri-c
၁၂း၅၀ Rh(Negative) သွေးလိုအပ်ခြင်း အကြောင်းသိကောင်းစရာ
၁း၁၅ နုယဉ်ဆန်းထွင်ပန်းအလှဆင်
၁း၃၅ သတင်းကောင်း
၁း၅၅ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ မသန်စွမ်းသူများအတွက်Barrier Free
၂း၂၅ ထာဝရအမှတ်ရစရာရွှေပြားပုံရိပ်လွှာ
၂း၅၀ သက်ကြီးမသန်စွမ်းကျောင်း၏ အသက်မွေးမှုပညာရပ်များ
၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀ စွဲမက်ဖွယ်ရာရွှေတောင် ဒေသထွက်အစားအစာ
၄း၁၀ လယ်တီသာသနာ လယ်တီကျောက်စာ
၄း၄၀ မြတ်နိဗ္ဗာန်သောင်ကမ်းသို့ရည်. . . ဖားအောက်တောရစခန်းမှသည်
၅း၀၀ အစီအစဉ်ပြီး။

အာဆီယံ-ကိုရီးယား စင်တာမှ အထွေထွေအတွင်းရေးမှူး Mr. Cho Young Jai ပရိဘောဂဒီဇိုင်းဖွံ့ဖြိုးတိုးတက်မှုနှင့် အရည်အသွေးစီမံခန့်ခွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ၌ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပရိဘောဂဒီဇိုင်းဖွံ့ဖြိုးတိုးတက်မှုနှင့် အရည်အသွေးစီမံခန့်ခွဲခြင်း အလုပ်ရုံဆွေးနွေးပွဲဖွင့်

ရန်ကုန် ဇွန် ၂၂

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အာဆီယံ-ကိုရီးယား စင်တာနှင့် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းကျင်းပသည့် ပရိဘောဂဒီဇိုင်း ဖွံ့ဖြိုးတိုးတက်မှုနှင့် အရည်အသွေးစီမံခန့်ခွဲခြင်း အလုပ်ရုံဆွေးနွေးပွဲ (Seminar on Furniture Design Development and Quality Management)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Chatrium ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် အာဆီယံ-ကိုရီးယား စင်တာမှ အထွေထွေအတွင်းရေးမှူး Mr. Cho Young Jai က နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာန ညွှန်ကြားရေးမှူး ဦးအောင်စိုးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Kim Hae Yong တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ကိုရီးယားသမ္မတနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များက အာဆီယံ-ကိုရီးယားအကျိုးသက်ရောက်မှုများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အရှေ့တောင်အာရှ ပရိဘောဂများနှင့် ကိုရီးယားသမ္မတနိုင်ငံ ပရိဘောဂဒီဇိုင်းများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက မေးမြန်းဆွေးနွေးကြသည်။

မြန်မာနိုင်ငံမှ ထွက်ကုန်ပစ္စည်းများကို ကိုရီးယားသမ္မတနိုင်ငံသို့ ပိုမိုတိုးမြှင့်တင်ပို့သွားရန်နှင့် မြန်မာ့ပရိဘောဂပစ္စည်းများ ကိုရီးယားဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်ရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်းနှင့် အာဆီယံ-ကိုရီးယား ကုန်စည်ပြပွဲ (အာဆီယံနိုင်ငံများမှ ပရိဘောဂပြပွဲ) ကို ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် ကိုရီးယားသမ္မတနိုင်ငံ၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံမှ ကုမ္ပဏီနှစ်ခုကို ကိုရီးယားသမ္မတနိုင်ငံသို့ စရိတ်ကျခံ ဖိတ်ကြားမည်ဖြစ်သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်းစီစဉ်မှု၊ Han Sein Thant Engineering & Trading ၏ ကူညီပံ့ပိုးမှုတို့ဖြင့် ဇွန် ၂၅ရက် (စနေနေ့)မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဒေါက်တာတင်မောင်မောင်သန်းက "ဖူကူရှီးမားဖြစ်ရပ် နျူကလီးယားနှင့်ပတ်သက် သည့် အရှေ့တောင်အာရှ စိန်ခေါ်မှုများ" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်၍ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်သည်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H. E. Mr. S.M. Krishna ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီ အဆောင် အမှတ်(၁) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်ရှိ ပါတီများမှ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်သော ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၊ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီနှင့် ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတို့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H. E. Mr. S.M. Krishna ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri လည်း တက်ရောက်သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး H.E.Mr. S.M. Krishna အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Mr. Alexey N. Borodavkin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ကော်မတီ အဆောင်အမှတ်(၁) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် လွှတ်တော်ကော်မတီ(၄)ရပ်မှကော်မတီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး H. E. Mr. Alexey N. Borodavkin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Mikhail MGELADZE နှင့် သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Alexey N.Borodavkin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီ အဆောင်အမှတ်(၁) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားကျင်းပ

မကွေး ဇွန် ၂၂

မကွေးတိုင်းဒေသကြီး အာဆီယံ သွေးလွန်တုပ်ကွေးနေ့ အထိမ်းအမှတ်နှင့် ကမ္ဘာ့ငှက်ဖျားရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၁၇ ရက်က မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ပညာရေးနှင့် ကျန်းမာရေးဝန်ကြီး ဦးအောင်ကျော်မင်းက အဖွင့်အမှာစကား ပြောကြားပြီး မကွေးဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းမြတ်အေးက သွေးလွန်တုပ်ကွေးအကြောင်း သိကောင်းစရာ နောက်ဆုံးအခြေအနေအား ရှင်းလင်းပြောကြားသည်။

တိုင်းဒေသကြီး ငှက်ဖျားရောဂါ တိုက်ဖျက်ရေးအဖွဲ့မှ ငှက်ဖျားဆရာဝန်ကြီး ဒေါက်တာဌေးမြင့်အောင်က မကွေးတိုင်းဒေသကြီးအတွင်း ငှက်ဖျားရောဂါအခြေအနေ၊ သွေးလွန်တုပ်ကွေးရောဂါအခြေအနေနှင့် Global Fund အထောက်အပံ့ဖြင့် ဆောင်ရွက်မည့် ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများအား ရှင်းလင်းတင်ပြကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၃-၆-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၃ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၃၅ ၄။ မျိုးချစ်တပ်မတော်
၇း၄၀ ၅။ မြန်မာ့ရှုခင်း
၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၅ ၁။ နိုင်ငံတော်သီချင်း
၄း၁၀ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဇာတ်လမ်းတို
၄း၂၅ ၅။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၅ ၆။ ဗွီစီဒီကျော်ကြားတေး
၄း၄၅ ၇။ မွေးမြူသုတ
၄း၅၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၅း၁၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၇၆)**
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၃။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅ ၁၄။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း-၃၃)
၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၂၂)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ဒို့တာဝန်အရေး(၃)ပါး
၁၉။ နိုင်ငံတကာသတင်း
၂၀။ မိုးလေဝသသတင်း
၂၁။ အနုပညာရှင်၏တစ်နေ့တာ
၂၂။ ကုန်သွယ်သုတ
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အချစ်တို့တည်ရာ(အပိုင်း-၂၇)**
၂၅။ ဂီတရင်ခုန်သံ

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဧည့်အဖွဲ့များ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၂

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် Merlin အဖွဲ့မှ Country Director- Dr. Paul Sender သည် ယနေ့ နံနက် ၁၀ နာရီတွင် လည်းကောင်း၊ ဩစတြေးလျနှင့် နယူးဇီလန် Interplast အဖွဲ့မှ Dr. Ross Sutton ခေါင်းဆောင်၍ Mr. Michael Leung နှင့် Ms. Terese Karaan တို့ ပါဝင်သော အဖွဲ့သည် နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

Merlin အဖွဲ့နှင့် တွေ့ဆုံစဉ် မိခင်နှင့် ကလေးကျန်းမာရေး၊ မျိုးဆက်ပွား ကျန်းမာရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များ၊ မွေးကင်းစကလေး ပြုစုစောင့်ရှောက်ရေးကိစ္စရပ်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျေးလက်ဒေသအောက်ခြေအထိ ထိရောက်မှုရှိအောင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများအား လေ့ကျင့်သင်ကြားပေးရေး အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

ဩစတြေးလျနှင့် နယူးဇီလန် Interplast အဖွဲ့နှင့်တွေ့ဆုံစဉ် မျက်နှာ၊ မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုသရေး ကိစ္စရပ်များ၊ မီးလောင်ဒဏ်ရာနှင့် အခြားအစားထိုးခွဲစိတ်ပြုပြင်ကုသမှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ အထူးကုဆရာဝန်များအား လေ့ကျင့်သင်တန်းပေးရေးနှင့် ပါရဂူဘွဲ့တက်ရောက်နိုင်ရေး ပံ့ပိုးမှုအစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ဩစတြေးလျနှင့် နယူးဇီလန် Interplast အဖွဲ့မှ Dr. Ross Sutton ခေါင်းဆောင်၍ Mr. Michael Leung နှင့် Ms. Terese Karaan တို့ ပါဝင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေး ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Mr. Alexey N. Borodavkin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟောက်ဒိုဆွမ်းနှင့် အဆင့်မြင့်အရာရှိများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Mr. Alexey N. Borodavkin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H. E. Mr. Mikhail MGELADZE တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr. Alexey N. Borodavkin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပုံမှန်ညှိနှိုင်းအစည်းအဝေး ကျင်းပ

မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပဥ္စမ အကြိမ် ပုံမှန်ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

(သတင်းစဉ်)

မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပဥ္စမအကြိမ် ပုံမှန်ညှိနှိုင်းအစည်းအဝေး နေပြည်တော်၌ ကျင်းပ

နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၏ဖိတ်ကြားချက်အရ ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E. Mr. Alexey N. Borodavkin သည် မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား ကျင်းပသည့် ပဥ္စမအကြိမ် ပုံမှန်ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်သို့ ရောက်ရှိသည်။

ထို့နောက် မြန်မာ-ရုရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများ အကြား ပဥ္စမအကြိမ် ပုံမှန်ညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ဦးဆောင်၍ တက်ရောက်ပြီး ရုရှားကိုယ်စားလှယ်အဖွဲ့အား ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး **H. E. Mr. Alexey N. Borodavkin** ဦးဆောင်၍ တက်ရောက်ကြသည်။ အဆိုပါ အစည်းအဝေးတွင် နှစ်ဖက် ကိုယ်စားလှယ်အဖွဲ့များသည် နှစ်နိုင်ငံချစ်ကြည်မှု၊ ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် နိုင်ငံတကာ အရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ညနေပိုင်းတွင် ရုရှားနိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဖွဲ့အား ဒုတိယဝန်ကြီး ဦးမောင်မြင့်က နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတကာ အနုပညာရပ်ဝန်း

ကိုရီးယားမင်းသမီး ဂျန်ယုမီ တရုတ်ဇာတ်လမ်းသစ်တွင် ပါဝင်သရုပ်ဆောင်မည်

ကိုရီးယားမင်းသမီး ဂျန်ယုမီသည် လာမည့် တရုတ်ဇာတ်ကားတစ်ကားတွင် ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သူ၏ အေဂျင်စီက ထုတ်ဖော်ပြောကြားသည်။

မင်းသမီး ဂျန်ယုမီ၏ အေဂျင်စီ Neos က တနင်္လာနေ့တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ ထုတ်ပြန်ချက်အရ ၎င်းတို့၏ မင်းသမီးသည် ဟောင်ကောင်



ကိုရီးယားမင်းသမီး ဂျန်ယုမီ။

မင်းသား လီယွန်လဲ၊ မင်းသမီး ဂါအို ယန်ယန်တို့နှင့်အတူ တရုတ်ရုပ်ရှင်ဇာတ်ကား Nobleman's Path ဇာတ်ကားတွင် မွန်းဝမ်အဖြစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း၊ ဤဇာတ်ကားကို အာရှဒေသတစ်ဝန်းသို့ ယခုနှစ်နှောင်းပိုင်းတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ဂျန်ယုမီသည် အနုပညာလောကသို့ ၂၀၀၃ ခုနှစ်တွင် စတင်ဝင်ရောက်လာပြီး ရုပ်သံဇာတ်လမ်းတွဲနှင့် ရုပ်ရှင်ကားအများအပြားတွင် ပါဝင်သရုပ်ဆောင်ခဲ့သူဖြစ်သည်။ သူပါဝင်သရုပ်ဆောင်ခဲ့သည့် ဇာတ်ကားအများအပြားမှ နာမည်ကျော်လူသိများသည့် ဇာတ်ကားများမှာ ၂၀၀၇ ခုနှစ်က တရုတ်ရုပ်သံဇာတ်လမ်းတွဲ Five Star Hotel၊ ကိုရီးယားရုပ်သံဇာတ်လမ်းတွဲများဖြစ်သည့် ၂၀၀၈ ခုနှစ်က The Great King Sejong၊ ၂၀၀၉ ခုနှစ်က Friend, Our Legend၊ ၂၀၁၀ ခုနှစ်က Dong Yi-Jewel in the Crown ဇာတ်ကားများ ဖြစ်သည်။

ဂျန်ယုမီသည် ယခုလောလောဆယ် You're My Pet ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင် ရိုက်ကူးလျက်ရှိသည်။

အင်တာနက်။

ပန်းချီဆရာ ဟူအန်ဂေါင်ဝန်၏ နာမည်ကျော်ပန်းချီကား Dwelling in the Fuchun Mountains နှင့် ပတ်သက်သည့် အက်ရှင်ဇာတ်ကား တစ်ကားကို စက်တင်ဘာလတွင် ရိုက်ကူး

ဟောင်ကောင်မင်းသား အန်ဒီလျူ။

သွားရန် စီစဉ်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

ယင်းဇာတ်ကားတွင် နာမည်ကျော် ဟောင်ကောင်မင်းသား အန်ဒီလျူနှင့် မော်ဒယ်လ်သရုပ်ဆောင် မင်းသမီး လင်ချီလိုင်တို့က အဓိကဇာတ်ဆောင်များအဖြစ် သရုပ်ဆောင်သွားမည်ဖြစ်ပြီး ဤဇာတ်ကားတွင် ၎င်းတို့နှစ်ဦး၏ ဆက်သွယ်ပတ်သက်မှုမှာ အမေရိကန်ဇာတ်ကား Mr. and Mrs.Smith

နာမည်ကျော်ပန်းချီကားအကြောင်း ဇာတ်ကားရိုက်ကူးမည်

ဇာတ်ကားမှ အဓိကဇာတ်ကောင်များကဲ့သို့ စိတ်ဝင်စားဖွယ်ပတ်သက်မှုများ ရှိနေမည်ဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

ဤဇာတ်ကားကို တရုတ်ဒါရိုက်တာနှင့် အမေရိကန်ဒါရိုက်တာတို့က ပူးတွဲရိုက်ကူးသွားမည်ဖြစ်ပြီး ယင်းဇာတ်ကား၏ ဇာတ်ဝင်ခန်းများကို နိုင်ငံ လေးနိုင်ငံမှ မြို့ကြီးခြောက်မြို့ဖြစ်သည့် ဟန်ကျိုးမြို့၊

မော်ဒယ်လ်သရုပ်ဆောင် လင်ချီလိုင်။

ဖူယန်မြို့၊ တိုင်ပေမြို့၊ တိုကျိုမြို့၊ မီလန်မြို့နှင့် ဒူဘိုင်းမြို့တို့ပါဝင်မည်ဟု ဆိုသည်။

ဤဇာတ်ကားသည် Dwelling in the Fuchun Mountains ပန်းချီကားနှင့်ပတ်သက်ပြီး အများပြည်သူ ကြည့်ရှုလေ့လာရန် ခင်းကျင်းပြသထားရာ လူဆိုးဂိုဏ်းများက လုယက်တိုက်ခိုက်ပုံအကြောင်း ရိုက်ကူးထားခြင်းဖြစ်သည်။

Dwelling in the Fuchun Mountains သည် နှစ်ပေါင်း ၆၆၀ သက်တမ်းရှိ ရှုမျှော်ခင်းပုံ ပန်းချီကား တစ်ချပ်ဖြစ်ပြီး လွန်ခဲ့သည့် နှစ်ပေါင်း ၃၀၀ကျော်က မတော်တဆ ထိခိုက်မှုကြောင့် နှစ်ပိုင်းပြဲသွားခဲ့ရာ တစ်ပိုင်းကို ဟန်ကျိုးမြို့ရှိ ပြတိုက်တွင် ပြန်လည်ထိန်းသိမ်းထားပြီး ခင်းကျင်းပြသခဲ့သည်။ နောက်တစ်ပိုင်းကို တိုင်ပေမြို့ရှိ ပြတိုက်တွင် ပြသထားသည်။ ဤ နှစ်ပိုင်းလုံးကို မေလအတွင်းက ပြန်လည်ပေါင်းစပ်ခဲ့ပြီး ပန်းချီကား တစ်ခုလုံးကို တိုင်ပေမြို့ပြတိုက်တွင် စက်တင်ဘာ ၂၅ ရက်ထိ ပြသသွားမည်ဟုဆိုသည်။

အင်တာနက်။

အောဝမ်းစိုး

အင်ဂျင်နီယာကျောင်းဝင်ခွင့် ပညာဒါနပြုမည်

ရန်ကုန် ဇွန် ၂၂

အင်ဂျင်နီယာ ပညာရပ်များကို စင်ကာပူနိုင်ငံ အစိုးရကျောင်းများတွင် သွားရောက်သင်ကြားလိုသူ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ ကျောင်းသားတိုင်း အောက်တိုဘာလ ဝင်ခွင့်၌ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါဝင်ခွင့်စာမေးပွဲကို Future Way Co.,Ltd. နှင့် BCA Academy တို့ ပူးပေါင်းကာ စက်တင်ဘာ ၃ ရက်တွင် ရန်ကုန်မြို့၌ စစ်ဆေးပေးသွားမည်ဖြစ်ပြီး ဝင်ခွင့်တွင် ထူးချွန်စွာ အောင်မြင်သူများအား သုံးနှစ်စာကျောင်းစရိတ် ပညာတော်သင်ဆုပေးသွားမည်ဖြစ်ကြောင်း၊ စာသင်နှစ် သုံးနှစ်၏ နောက်ဆုံးနှစ်၌ စာတွေ့လက်တွေ့အပြင် လုပ်ငန်းခွင်များသို့ အလုပ်သင်အနေဖြင့် လုပ်ကိုင်ရမည်ဖြစ်ကြောင်း၊ လျှောက်ထားသူများအနေဖြင့် မိမိရွေးချယ်သည့် ဘာသာရပ်ပေါ်မူတည်၍ ဝင်ခွင့်စာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပြီး ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ရန်အတွက် အနီးကပ်ရက်တိုသင်တန်းများ ပံ့ပိုးပေးထားကြောင်း၊ မြန်မာနိုင်ငံမှ ဝင်ရောက်ဖြေဆိုမည့်သူများအတွက် ပညာဒါနအဖြစ် ကုမ္ပဏီမှပေးသွင်းသွားမည်ဖြစ်ရာ စိတ်ဝင်စားသူများအနေဖြင့် Future Way Co.Ltd. တိုက်အမှတ်(၉) အခန်း(၆-က) ယောမင်းကြီးလမ်း သမ္မတကွန်ဒိုဒဂုံမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၁၀၉၉နှင့် ၂၅၄၁၈၅ တို့သို့ မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံလမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိနေ အခြေခံဥပဒေနှင့်အညီ တည်ငြိမ်အေးချမ်းစွာ အကောင်အထည်ဖော်နိုင်လျှင် မလွဲမသွေ အောင်မြင်မည်

နေပြည်တော်   ဇွန်   ၂၂

ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများ၏ ကျောင်းနေသားသမီးများအား ပညာသင်ထောက်ပံ့ခြင်းနှင့် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇွန် ၂၁ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး ဘက်စုံခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်အမှာစကားပြောကြားပြီး ပညာရည်ချွန်ဆု၊ ပညာသင်ထောက်ပံ့ငွေနှင့် ဗလာစာအုပ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဆုရဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာ၌ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်ကြောင်း၊ ပညာရေးမဏ္ဍိုင်၏ အန္တိမရည်မှန်းချက်သည် သညာအဆင့်မှ ပညာအဆင့်သို့ တက်လှမ်းနိုင်ရေး ဖြစ်သည့်အတွက် လူငယ်လူရွယ်များအနေဖြင့် ဆတက်ထမ်းပိုး ကြိုးစားသင်ယူလေ့လာကြစေလိုကြောင်း။

မိမိတတ်မြောက်ရရှိထားသည့် ပညာအဆင့်ကို မိမိအတွက်ရော၊ မိမိ မိသားစုအတွက်ရော၊ ရပ်ရွာဒေသအပါအဝင် နိုင်ငံနှင့် ပြည်သူတစ်ရပ်လုံးအတွက် ထိရောက်စွာအကျိုးပြု အသုံးချပေးဆပ်နိုင်မှသာ တာဝန်ကျေပွန်သည့် နိုင်ငံသားကောင်းတစ်ယောက် ဖြစ်လာမည်ဖြစ်ကြောင်း၊ အနာဂတ်ပညာရေးအတွက် ဆက်လက် တက်လှမ်းကြရာတွင် နိုင်ငံတော်က ပေးအပ်ထားသည့် ပညာရေးအခွင့်အလမ်းများအပါအဝင် နိုင်ငံတကာ ပညာရေးအခွင့်အလမ်းများအထိ တက်လှမ်းနိုင်ရန် ကျောင်းသား၊ ကျောင်းသူများကိုယ်တိုင် ကြိုးစားကြရမည်ဖြစ်သကဲ့သို့ လိုအပ်လာပါက ဌာနကလည်း အတတ်နိုင်ဆုံး ပံ့ပိုးကူညီဆောင်ရွက်ပေးရန် အသင့်ရှိကြောင်း။

ကောင်းသောယှဉ်ပြိုင်မှု

ဝန်ထမ်းပိုင်းဆိုင်ရာနှင့် စပ်လျဉ်း၍ ဌာန၏လုပ်ငန်းများအောင်မြင်ရေးအတွက် ကောင်းသောယှဉ်ပြိုင်မှုဖြင့် ဝန်ထမ်းများ၏ စွမ်းဆောင်မှု၊ ကြိုးပမ်းအားထုတ်မှုများကို အားပေးအသိအမှတ်ပြုတည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ဝန်ကြီးဌာန၏ စည်းလုံးညီညွတ်မှုနှင့် မှန်ကန်သည့် ဌာနစိတ်ဓာတ်မြင့်မားလာပြီး မြင့်မားသည့် စွမ်းဆောင်အောင်မြင်မှုများကို ရယူနိုင်မည်ဖြစ်ကြောင်း။

ယဉ်ကျေးမှု ဝန်ကြီးဌာနသည် တိုင်းပြည်နှင့် လူမျိုးအတွက် အရေးအကြီးဆုံးဖြစ်သည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြင့်မားတိုးတက်အောင် ထိန်းသိမ်းမြှင့်တင်ရသည့် ဌာနဖြစ်သည်ကို နားလည်သဘောပေါက်ပြီး မိမိတို့၏လုပ်ငန်းတာဝန်အပေါ် ဂုဏ်ယူတတ်ရန်၊ တန်ဖိုးထားတတ်ရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများသည် တိုင်းပြည်နှင့် လူမျိုးအကျိုးစီးပွားကို သယ်ပိုးမြှင့်တင်ရသည့် အမျိုးသားရေး၊ အမျိုးသားနိုင်ငံရေးတာဝန်ကို ထမ်းဆောင်နေကြရသူများဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားအကျိုးစီးပွားဘက်တော်သား အရည်အသွေးမြင့်မားသည့် အနုပညာရှင်များ၊ ပညာရှင်များ ဖြစ်အောင် ကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်ကြောင်း။

တိကျစွာလိုက်နာ

ဌာနအလိုက် ရည်မှန်းချက်တာဝန်များ ချမှတ်ပြီး အောင်မြင်အောင် ကြိုးပမ်းဖော်ဆောင်သွားကြရမည် ဖြစ်သည့်အပြင် ချမှတ်ပေးထားပြီးဖြစ်သည့် ဝန်ထမ်းများလိုက်နာဆောင်ရွက်ရမည့် အချက်(၁၄)ချက်ကို တိကျစွာလိုက်နာဆောင်ရွက်ကြခြင်းအားဖြင့် ဝန်ထမ်းတစ်ဦးချင်းအတွက်ရော၊ ဌာနအတွက်ပါ အကျိုးရှိစေမည်ဖြစ်ကြောင်း။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကျဆုံးလိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းမှုပင်ဖြစ်ကြောင်း၊ သို့သော် လက်ရှိအခြေအနေတွင် ရရှိပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားအောင် ဆောင်ရွက်နေသည့် အန္တရာယ်များရှိနေကြောင်း၊ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံလမ်းကြောင်းမှန်ပေါ်တွင် ရောက်ရှိနေပြီးဖြစ်ရာ အခြေခံဥပဒေနှင့်အညီ တည်ငြိမ်အေးချမ်းစွာဖြင့် ဆက်လက်လျှောက်လှမ်း အကောင်အထည်ဖော်နိုင်မည်ဆိုပါက မလွဲမသွေ အောင်မြင်ရမည်ဖြစ်ကြောင်း၊ ဤသည်ကို ဝန်ထမ်းများ သိရှိနားလည်သဘောပေါက်ပြီး အသိတရားနှင့်ယှဉ်၊ သတိတရားနှင့် ပေါင်းစပ်၍ ကာကွယ်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းနေသားသမီးများအတွက် ပညာသင်စရိတ် ထောက်ပံ့ငွေနှင့် ဗလာစာအုပ်များကို ဝန်ကြီးရုံး ရုံးအဖွဲ့မှူး ဦးအောင်နိုင်မြင့်၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦး၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်၊ သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဦးတင်စိုးနှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) တာဝန်ခံပါမောက္ခချုပ် ဦးကျော်ဦးတို့ထံ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအနက် ငါးဘာသာဂုဏ်ထူးရှင်၊ လေးဘာသာဂုဏ်ထူးရှင်နှင့် နှစ်ဘာသာဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ၂၀၁၀-၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ဝန်ထမ်း သားသမီး ကျောင်းသား၊ ကျောင်းသူများအနက် တစ်ဘာသာဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ငါးဘာသာဂုဏ်ထူးရှင် မောင်ငြိမ်းချမ်းဦးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသည့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများ၏ ကျောင်းနေသားသမီးများအား ပညာသင်ထောက်ပံ့ခြင်းနှင့် ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားတွင် ပညာသင်ထောက်ပံ့ငွေနှင့် ပညာရည်ချွန်ဆု ရရှိသူများအား ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းသည့် ငွေကျပ် ၁၅၃၄၀၀၀ တန်ဖိုးရှိ ဗလာစာအုပ် ၂၀၄၆ ဒါဇင် အပါအဝင် စုစုပေါင်း ငွေကျပ် ၄၆၈၂၀၀၀ ထောက်ပံ့ပေးခဲ့သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ ကျောင်းနေသားသမီးများအတွက် ပညာသင်စရိတ်ထောက်ပံ့ငွေနှင့် ဗလာစာအုပ်များကို ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်ထံ ပေးအပ်စဉ်။ (သတင်းစဉ်)

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင် ၂၀၁၀ - ၂၀၁၁ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအား ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

လွှဲပြောင်းပေးအပ်

မကွေးတိုင်းဒေသကြီး ဆင်ဖြူကျွန်းမြို့ ပိုးတန်း မူလတန်းကျောင်းအတွက် ရန်ကုန်မြို့ သုဝဏ္ဏနေ ဗိုလ်မှူးချုပ် စိုးတင့်(ငြိမ်း) - ဒေါ်စန်းမြင့်တို့က ငွေကျပ်ငါးသိန်းနှင့် ဗလာစာအုပ်ဒါဇင် ၇၀ တို့ကို ဇွန် ၁၁ရက်တွင် လှူဒါန်းရာ အလှူရှင်များကိုယ်စား အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးအောင်ရွှေက ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မြင့်ထံ လွှဲပြောင်းပေးအပ်စဉ်။ (၁၅၈)

ကြည့်ရှုစစ်ဆေး

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ကျေးရွာချင်းဆက်လမ်းများပေါ်ရှိ တံတားများကြံ့ခိုင်မှုကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးမြတ်စိုးနှင့် အင်ဂျင်နီယာမှူး ဦးအာကာမြတ်သူတို့ မေ ၂၆ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။
(မြို့နယ်စည်ပင်)

‘မြတ်နိုးဖွယ်ရာမေမြန်မာ ဆင်ယင်ခြယ်သ သုံးရာသီအလှ’ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ ကျင်းပမည်

ရန်ကုန်   ဇွန်   ၂၂

၂၀၁၁ ခုနှစ် ဇူလိုင် ၃ ရက်တွင်ကျရောက်မည့် “မြန်မာအမျိုးသမီးများနေ့” အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ကစီစဉ်တင်ဆက်သော “မြတ်နိုးဖွယ်ရာမေမြန်မာ ဆင်ယင်ခြယ်သသုံးရာသီအလှ” ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ယခင်နှစ်များကဲ့သို့ ကျင်းပမည်ဖြစ်သည်။

ဒါရိုက်တာမောင်သီ စီစဉ်တင်ဆက်၍ မို့မို့မြင့်အောင်၊ မေသန်းနု၊ စိုးမြတ်သူဇာ၊ မြတ်ကေသီအောင်၊ မျိုးသန္တာထွန်း၊ မေသဥ္ဇာဦး၊ စိုးမိုးကြည်၊ ခိုင်သင်းကြည်၊ လင်းဇာနည်ဇော်၊ စုလှိုင်နှင်း၊ ရတနာခင်၊ ခိုင်နှင်းဝေ၊ မျိုးစန္ဒီကျော်၊ မိုးပြည့်ပြည့်မောင်၊ ဂန္ထဝင်၊ ချောရတနာ၊ ပုလဲဝင်း၊ သဇင်၊ နန်းဆုရတီစိုး၊ အေးမြတ်သူ၊ စိုးပြည့်သဇင်၊ မိုးယုစံ၊ မေသက်ခိုင်၊ ဂျင်းနီ၊ ဝတ်မှုန်ရွှေရည်၊ ဖူးဖူးမောင်၊ ခင်မို့မို့အေး၊ ဒေါ်နွဲ့နွဲ့စန်း၊ ဝါဆိုမိုးဦး၊ နေခြည်လင်းလဲ့၊ သီရိရှင်းသန့်၊ သက်သခင်၊ မေဖြူဖြူသန္တာဗို၊ မြနှင်းရည်လွင်နှင့် တင်မိုးလွင်ဦးဆောင်သော (Talents & Model Agency)မှ မော်ဒယ်သရုပ်ဆောင်များ၊ ဆံကေသာအလှပြ သမီးပျိုလေးများဖြင့် ဒီဇိုင်နာလတ်လတ်၊ Euphoria၊ မပုံ့၊ စုစုဝေ၊ အမြတ်တနိုး၊ သက်ဝင့်စု၊ မေမြတ်ဝါဆို၊ ညိုမာသန့်တို့၏ ဝတ်စုံဒီဇိုင်းများ၊ မိတ်ကပ်ခင်စန်းဝင်းက အလှဖန်တီးပြီး တစ်ခန်းရပ်ပြဇာတ်နှင့် သုံးရာသီ Fashion Show၊ ဖိုးချစ်၊ ဟန်ဇာမိုးဝင်း၊ စွမ်းဇာနည်တို့၏ သုံးပါးပြိုင် အက၊ ယဉ်ကျေးမှုတက္ကသိုလ် သမီးပျိုလေးများ၏ ကောက်စိုက်ယိမ်း၊ ဆီမီးခွက်ယိမ်း၊ ပုဂံယိမ်းအကများ၊ အထက (၂) စမ်းချောင်းမှ သမီးပျိုလေးများ၏ လက်ပံပွင့်ကောက်အကနှင့် နောင်နောင် (Sun Flower) စီစဉ်မှုဖြင့် ရာဇာဝင်းတင့်၊ ဘိုဘို၊ ဘိုဖြူ၊ ဖြိုးကြီး၊ စိုင်းစိုင်းခမ်းလှိုင်၊ ထွန်းထွန်း Examplez၊ ထက်နေခြည်၊ အောင်ခန့်၊ ဩရသ၊ကျော်သီဟ၊ ဖြိုးကျော်ထိုက်၊ ဟေမာနေဝင်း၊ ဝိုင်းစုခိုင်သိန်း၊ ခွန်းဆင့်နေခြည်၊ ပန်းအိဖြူ၊ သီရိဆွေ၊ နီနီခင်ဇော်၊ ရတနာမိုင်၊ အေသင်ချိုဆွေ၊ မို့မို့လွင်၊ ခိုင်သဇင်သင်း၊ ရွှေရွှေခိုင်တို့၏ သီဆိုဖျော်ဖြေမှုများ ပါဝင်မည်။ ထို့အပြင် Five Star လူရွှင်တော်အဖွဲ့က တစ်ခန်းရပ်ဟာသ ဇာတ်လမ်းများဖြင့်လည်း တင်ဆက်ပြသမည်ဖြစ်သည်။

အဆိုပါပြပွဲကို ရန်ကုန်မြို့ ဦးဝိစာရရပ်ကွက် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ဇွန် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ညစဉ် ၆ နာရီမှစ၍ ပြသဖျော်ဖြေမည်ဖြစ်ပြီး ဝင်ကြေးလက်မှတ်များကို ငွေကျပ် ၁၀၀၀၀၊ ငွေကျပ် ၇၀၀၀၊ ငွေကျပ် ၅၀၀၀ နှင့် ငွေကျပ် ၃၀၀၀ သတ်မှတ်ထားသည်။ လက်မှတ်များကို အမျိုးသားဇာတ်ရုံနှင့် Lucky Seven လက်ဖက်ရည်ဆိုင် ဆိုင်ခွဲများ (တာမွေ၊ အလုံ၊ ၄၉လမ်း၊ ရွှေဂုံတိုင်၊ မရမ်းကုန်း) ဆိုင်များ၌ ရောင်းချလျက်ရှိသည်။

(သတင်းစဉ်)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူး ဒုတိယသက်တမ်း ဘန်ကီမွန်း ထပ်မံရွေးချယ်တင်မြှောက်ခံရ

နယူးယောက် ဇွန် ၂၂

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် အဆိုပါရာထူး၌ ဒုတိယမြောက် သက်တမ်းအတွက် ဇွန် ၂၁ရက်တွင် ထပ်မံရွေးချယ်တင်မြှောက်ခံရကြောင်း ကုလသမဂ္ဂ၏ ဇွန် ၂၂ရက်သတင်းကြေညာချက်တွင် ဖော်ပြသည်။

အသက် (၆၇)နှစ် အရွယ်ရှိ တောင်ကိုရီးယားနိုင်ငံသား သံတမန်ဟောင်း ဘန်ကီမွန်းအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူး၌ ငါးနှစ်ထပ်မံ တာဝန်ထမ်းဆောင်ရန် အဖွဲ့ဝင် ၁၉၂ နိုင်ငံပါဝင်သော ကုလသမဂ္ဂအထွေထွေ ညီလာခံက တစ်ခဲနက်ချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ထုတ်ပြန်ကြေညာ

ဘန်ကီမွန်းသည် ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်မည့် ဒုတိယမြောက် ရာထူးသက်တမ်းတွင် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကုလသမဂ္ဂအထွေထွေ ညီလာခံဥက္ကဋ္ဌ ဂျိုးဇက်ဒစ်က ထုတ်ပြန်ကြေညာသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ဘန်ကီမွန်းအား ဒုတိယမြောက်ရာထူး သက်တမ်း၌ တာဝန်ထမ်းဆောင်ရန် ဇွန် ၁၇ ရက်တွင် ထောက်ခံခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဒုတိယမြောက်ရာထူးသက်တမ်း၌ တာဝန်ထမ်းဆောင်ခွင့် ရရှိသွားသော ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်း။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀၀ အာဖဂန်နစ္စတန်မှ ရုပ်သိမ်းဖွယ်ရှိ

ဝါရှင်တန် ဇွန် ၂၂

သမ္မတဘာရက်အိုဘားမားသည် ယခုနှစ်ကုန်ထက်နောက်မကျဘဲ အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀၀ခန့်ကို ရုပ်သိမ်းဖွယ်ရှိကြောင်း အမေရိကန်ကာကွယ်ရေးဌာနမှအထက်တန်းတာဝန်ရှိသူတစ်ဦးက ဇွန် ၂၁ရက်တွင် ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင် ၂၀၀၀၀ကို ၂၀၁၂ခုနှစ်ကုန်ထက်နောက်မကျဘဲ ရုပ်သိမ်းရန် သမ္မတအိုဘားမားက ယခင်က ညွှန်ကြားခဲ့ပြီးဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ စစ်ပွဲအရှိန်မြင့်တက်နေမှုကို ရှောင်လွှဲနိုင်ရန် ၂၀၀၉ခုနှစ် ဒီဇင်ဘာလတွင် တပ်ဖွဲ့ဝင် ၃၀၀၀၀ ထပ်မံစေလွှတ်ရန် ဆုံးဖြတ်ခဲ့သည်။ အိုဘားမားသည် စစ်ကူအဖြစ် တပ်ဖွဲ့ဝင်များကို ထပ်မံစေလွှတ်ပေးခဲ့စဉ်က ယခုနှစ် ဇူလိုင်လမှစ၍ အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်အင်အားကို တဖြည်းဖြည်းချင်း ရုပ်သိမ်းပေးသွားရန် ကတိပြုခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ ရုပ်သိမ်းရေးကိစ္စနှင့် ပတ်သက်၍ အိုဘားမားက ဇွန် ၂၂ရက်တွင် နိုင်ငံတစ်ဝန်းသို့ မိန့်ခွန်းပြောကြားမည်ဖြစ်သည်။

အင်တာနက်။

မြို့တော်ဘဂ္ဂဒက်တစ်ဝန်း၌ ဗုံးများပေါက်ကွဲ

ဘဂ္ဂဒက် ဇွန် ၂၂

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တစ်ဝန်းတွင် ဇွန် ၂၂ ရက် နံနက်က ကားဗုံးပေါက်ကွဲမှုနှင့် လမ်းဘေးထောင်ဗုံးပေါက်ကွဲမှုတို့ကြောင့် အရပ်သားတစ်ဦးသေဆုံးပြီး ၂၇ ဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

တစ်ဦးသေ၊ ကိုးဦးဒဏ်ရာရ

ဘဂ္ဂဒက်အနောက်ပိုင်းရှိ ဂါဇာလီယာရပ်ကွက်၌ ရဲတပ်ဖွဲ့ စစ်ဆေးရေးဂိတ်အနီး၌ ကားဗုံးပေါက်ကွဲခြင်းဖြစ်သည်။ ဗုံးပေါက်ကွဲမှုကြောင့် အရပ်သားတစ်ဦး သေဆုံးပြီး ရဲတပ်ဖွဲ့ဝင်သုံးဦး အပါအဝင် ကိုးဦးဒဏ်ရာရရှိကြောင်း အမည်မဖော်လိုသူ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဘဂ္ဂဒက်အနောက်ပိုင်းရှိ အမ်ရီယာရပ်ကွက်၌ ရဲတပ်ဖွဲ့မော်တော်ယာဉ်တန်း ဖြတ်သန်းသွားစဉ် လမ်းဘေးထောင်ဗုံးနှစ်လုံးပေါက်ကွဲခဲ့ရာ ဒေသဆိုင်ရာ ရဲစခန်းအကြီးအကဲ အပါအဝင် ရဲတပ်ဖွဲ့ဝင်ခြောက်ဦး ဒဏ်ရာရရှိခဲ့သည်။

ဗုံးပေါက်ကွဲမှုများကြောင့် အနီးအပါး၌ ရှိနေသူများမှာလည်း ဒဏ်ရာရရှိခဲ့သည်။

ဘဂ္ဂဒက်အရှေ့ပိုင်း၌ လမ်းဘေးထောင်ဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ ငါးဦးဒဏ်ရာရရှိခဲ့သည်။

သီးခြားဖြစ်စဉ်တစ်ရပ်တွင် ဘဂ္ဂဒက်၌ ရဲတပ်ဖွဲ့ လှည့်ကင်းအနီး လမ်းဘေးထောင်ဗုံးပေါက်ကွဲခဲ့ရာ ရဲတပ်ဖွဲ့ ပိုင်ကားတစ်စီး ပျက်စီးခဲ့ရသည်။ ရဲတပ်ဖွဲ့ဝင်တစ်ဦးနှင့် အနီးအပါးရှိ အရပ်သားနှစ်ဦး သေဆုံးခဲ့ရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပြင်သစ်နိုင်ငံ၌ ဇွန် ၂၀ရက်မှ ၂၆ရက်အထိ ကျင်းပလျက်ရှိသော ပါရီလေကြောင်းပြပွဲ (၂၀၁၁) တွင် လေယာဉ်များ ခင်းကျင်းပြသထားသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်တိုနော့ဗ်အမျိုးအစားခရီးသည်တင်လေယာဉ်များ အီရန်နှင့် ယူကရိန်းပူးတွဲထုတ်လုပ်ရန်လက်မှတ်ရေးထိုး

ကီယက်ဗ်(ယူကရိန်း) ဇွန် ၂၂

အီရန်နှင့်ယူကရိန်းနိုင်ငံတို့သည် အင်တိုနော့ဗ်-၁၄၈ အမျိုးအစား ခရီးသည်တင်လေယာဉ် ၇၈ စင်း ပူးတွဲထုတ်လုပ်ရန် သဘောတူညီချက်ရရှိထားကြောင်း ယူကရိန်းနိုင်ငံ မြို့တော် ကီယက်ဗ်အခြေစိုက် အင်တိုနော့ဗ်လေကြောင်း အာကာသကုမ္ပဏီဥက္ကဋ္ဌက ပြောကြားကြောင်း ဒီပီအေသတင်းဌာနက ဇွန် ၂၂ရက်တွင် သတင်းထုတ်ပြန်သည်။

ပြင်သစ်နိုင်ငံ ပါရီမြို့၌ကျင်းပလျက်ရှိသော လေကြောင်းပြပွဲသို့ တက်ရောက်နေသော အင်တိုနော့ဗ်လေကြောင်း အာကာသကုမ္ပဏီဥက္ကဋ္ဌ ဒီမီထရီကီဗာက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ထုတ်လုပ်မည်

အင်တိုနော့ဗ်-၁၄၈အမျိုးအစား လေယာဉ်များအားလုံးကို ၂၀၁၁ခုနှစ် နှစ်ကုန်ထက်နောက်မကျဘဲ ထုတ်လုပ်နိုင်မည်ဟု မျှော်လင့်ရကြောင်း ၎င်းကပြောကြားသည်။

အင်တိုနော့ဗ် လေကြောင်းအာကာသကုမ္ပဏီနှင့် အီရန်လေယာဉ်ထုတ်လုပ်ရေးစက်မှုလုပ်ငန်းကုမ္ပဏီတို့သည် လေယာဉ်ပူးတွဲထုတ်လုပ်ရန် ကန်ထရိုက်စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြသည်။

ထုတ်လုပ်မည့်လေယာဉ်မှာ တာဘိုတွန်းကန်အားသုံး (ဓာတ်ငွေ့တာဘိုင်)အင်ဂျင် အသုံးပြုမည်ဖြစ်ကြောင်း၊ အင်ဂျင်နှစ်လုံးတပ် အလတ်စားအရွယ်အစားရှိ လေယာဉ်ဖြစ်ကာ တာလတ်ခရီးအကွာအဝေးကို ပျံသန်းနိုင်ကြောင်း ၎င်းက ပြောကြားသည်။

အီရန်ကာကွယ်ရေးဝန်ကြီးဌာနသည် ယူကရိန်းလေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ၏ ခွင့်ပြုချက်ဖြင့် အင်တိုနော့ဗ်-၁၄၈အမျိုးအစား လေယာဉ်များကို ၂၀၀၉ခုနှစ်မှစ၍ ထုတ်လုပ်လာခဲ့သည်။

သယ်ဆောင်နိုင်

အင်တိုနော့ဗ်-၁၄၈ အမျိုးအစား လေယာဉ်တစ်စင်းအတွက် ထုတ်လုပ်မှုကုန်ကျစရိတ်မှာ ဒေါ်လာ၁၈သန်းမှ၂၂သန်းအထိရှိသည်။ ယင်းအမျိုးအစားလေယာဉ်သည် ခရီးသည် ၆၈ ဦးမှ ၉၉ ဦးအထိ သယ်ဆောင်နိုင်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

၂၀၁၀ ခုနှစ် ပါကစ္စတန်ရေဘေးကြောင့် ဒုက္ခသည် ငါးသန်းကျော်မျှ ကျန်ရှိနေဆဲ

အစ္စလာမ္မာဘတ် ဇွန် ၂၂

ပါကစ္စတန်နိုင်ငံ၌ ၂၀၁၀ ခုနှစ် ဇူလိုင်၌ဖြစ်ပွားခဲ့သော ရေဘေးဥပဒ်ကြောင့် ခိုကိုးရာမဲ့သူ သန်းပေါင်းများစွာရှိခဲ့ရာ ယခုနှစ်အထိ ဒုက္ခသည် ငါးသန်းကျော်ခန့်သည် အားကိုးရာမဲ့နေဆဲဖြစ်ကြောင်း ကုလသမဂ္ဂအဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၏ အကွပ်အကဲညံ့ဖျင်းသော ပြန်လည်ထူထောင်ရေးလုပ်ငန်းများကြောင့် ရေဘေးဒုက္ခသည်အများအပြား ကျန်ရှိနေဆဲဖြစ်ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

ပြီးခဲ့သည့်နှစ် ဇူလိုင်လအတွင်း ပါကစ္စတန်နိုင်ငံတစ်ဝန်း၌ မုတ်သုံရာသီရေကြီးမှု စတင်ဖြစ်ပွားခဲ့ရာ နိုင်ငံလူဦးရေ ငါးပုံတစ်ပုံခန့် သို့မဟုတ် အီတလီနိုင်ငံ အကျယ်အဝန်းခန့်သည် ရေဘေးဒုက္ခနှင့် ကြုံတွေ့ခဲ့ရပြီး လူဦးရေ ၁၈ သန်းကျော်တို့၏ နေအိမ်အဆောက်အအုံများ ပျက်စီးခဲ့ရသည်။

ရေဘေးဒုက္ခပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် တုံ့ပြန်မှုနှေးကွေးသောကြောင့် ပါကစ္စတန်အစိုးရနှင့်တကွ ပရဟိတအဖွဲ့အစည်းများကို နိုင်ငံတကာက ဝေဖန်ခဲ့ကြသည်။

ပါကစ္စတန်ရေဘေးဒုက္ခ၌ ဒုက္ခသည်နှစ်သန်းမျှသာရှိမည်ဟု ယူဆထားခဲ့သော်လည်း အဆိုးဆုံး ကြုံတွေ့ခဲ့ရသော အခြေအနေအရ ဒုက္ခသည် ငါးသန်းမျှရှိကြောင်း ပါကစ္စတန်နိုင်ငံရှိ ကုလသမဂ္ဂ အရေးပေါ်ဆိုင်ရာရုံး (အိုစီအိပ်ချ်အာ) တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ ၂၀၁၀ ခုနှစ်၌ ဖြစ်ပွားခဲ့သော ရေဘေးသည် သုံးလတာနီးပါးမျှ ကြာမြင့်ခဲ့ပြီး ယင်းနိုင်ငံ၏ မြောက်ပိုင်းဒေသမှ တောင်ပိုင်းဒေသအတွင်း ကျေးရွာများကို ပျက်စီးစေခဲ့သည်။

၂၀၁၀ ပါကစ္စတန်ရေဘေးသည် ကမ္ဘာပေါ်၌ အဆိုးရွားဆုံး သဘာဝကပ်ဘေးတစ်ခုအဖြစ် သတ်မှတ်နိုင်ပြီး လူ ၁၁ သန်းမျှ အိုးမဲ့အိမ်မဲ့ဖြစ်ကာ ၂၀၀၀ ကျော် သေဆုံးခဲ့ရသည်။

တံတားနှင့် လမ်းများကဲ့သို့သော နိုင်ငံတစ်နိုင်ငံ၏ အခြေခံအဆောက်အအုံများသည် ရေလွှမ်းမိုးမှုကြောင့် ပျက်စီးခဲ့ရပြီး သီးနှံစိုက်ခင်း ဧကသန်းပေါင်းများစွာ ပျက်စီးခဲ့ရသည်။

အင်တာနက်။



အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇွန် ၂၂

အီရတ်နိုင်ငံသို့ အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီ ဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည့်အချိန်မှစတင်ပြီး ဇွန် ၂၂ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၇၀၆၂၇၇ ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၇၉၄၈၁ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၆၂၇၇ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၉၄၈၁ဦး

အင်တာနက်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်မှုကြောင့် အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူး ဇွန် ၂၂

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက် စွက်ဖက်ခဲ့သည်မှာ အချိန်ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရရှိလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်စွက်ဖက်ခဲ့သည့် အချိန်မှစတင်ပြီး ဇွန် ၂၂ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၃၉၉၄ ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၄၁၅၄၈ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၉၉၄ ဦး
၂	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အာဖဂန်ပြည်သူများ	၄၁၅၄၈ ဦး

အင်တာနက်။

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၂၂

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** ကျိုက္ခမီမြို့တွင် ၄ ဒသမ ၀၂ လက်မ၊ ထားဝယ်မြို့တွင် ၃ ဒသမ ၃၄ လက်မ၊ မအူပင်မြို့တွင် ၂ ဒသမ ၈၇ လက်မ၊ ခရမ်းမြို့တွင် ၂ ဒသမ ၈၄ လက်မ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ကျောက်ဖြူမြို့တွင် ၂ ဒသမ ၅၆ လက်မနှင့် မုဒုံမြို့တွင် ၂ ဒသမ ၃၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက် ။ ။ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးရွာပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင် ။ ။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Mr.Alexey N.Borodavkin အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း သစ်အခြေခံစက်ရုံများအတွက် စက်ရုံအုပ်ချုပ်မှုသင်တန်း အမှတ်စဉ်(၁၇) ဖွင့်ပွဲအခမ်းအနားသို့ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၂

ပညာရေးဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးဝင်း၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးအေးကြူနှင့် ဦးဘရွှေတို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် ဒုတိယဝန်ကြီးများသည် သတ်မှတ်နေရာများ၌ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြပြီး ဝန်ကြီးဌာန လျှိုပိတ်ဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများက ပျိုးပင်များကိုပေးဝေကြပြီး အရာထမ်း၊ အမှုထမ်းများက ပျိုးပင်များကို စိုက်ပျိုးကြသည်။

ယနေ့ကျင်းပသည့် ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲတွင် ရတနာတန်းဝင် ကျွန်းနှင့် သစ်ဆိမ့်၊ မန်ကျည်း၊ စိန်တံချူ၊ မဲဇလီ၊ ပန်းမဲဇလီ၊ ဗာဒံ၊ ယူကလစ်၊ ရင်းမာ၊ စိန်ပန်းကြီး၊ စွယ်တော်၊ ငုရွှေဝါ၊ ပြည်ပန်းညို ပျိုးပင်ပေါင်း ၁၆၇၄ ပင် စိုက်ပျိုးပေးခဲ့ပြီး ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ တီလားပီးယား၊ မြက်စားငါးကြင်းနှင့် ငါးခုံးမကြီး ငါးပေါက်ကောင်ရေ ၁၀၈၀၀ ခန့်ကို မျိုးစိုက်ထည့်ပေးခဲ့သည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ပညာရေးဝန်ကြီးဌာန ၂၀၁၁ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

သစ်လုံးလိုက် တင်ပို့မှုလျှော့ပြီး တန်ဖိုးမြင့်သစ်အချောထည်ထုတ်လုပ် ဈေးကွက်ချဲ့ထွင်ရေးနှင့် အရောင်းမြှင့်တင်ရေး ကြိုးပမ်း

ရန်ကုန် ဇွန် ၂၂

အလယ်အလတ်အဆင့် စီမံခန့်ခွဲသူများသည် အထက်နှင့်အောက်ခြေအဆင့် ဝန်ထမ်းများအကြား ပေါင်းကူးပေးရသူများဖြစ်သဖြင့် အုပ်ချုပ်မှုအရည်အချင်းနှင့် နည်းပညာအရည်အချင်းစသည့်ကျွမ်းကျင်မှုများ လိုအပ်ကြောင်း၊ ယခုသင်တန်းသည် သစ်အခြေခံစက်ရုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ချက် အထူးကောင်းမွန်သည့် သင်တန်းဖြစ်ကြောင်းဖြင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ သစ်အခြေခံစက်မှုနည်းပညာ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း သစ်အခြေခံ စက်ရုံများအတွက် စက်ရုံအုပ်ချုပ်မှုသင်တန်း အမှတ်စဉ်(၁၇)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိစ္စများ ရှေ့တန်းတင်လာကြပြီဖြစ်၍ သဘာဝသစ်တောသယံဇာတများကို စနစ်တကျထိန်းသိမ်းကာကွယ် စောင့်ရှောက်ရင်း သစ်လုံးလိုက်တင်ပို့မှုလျှော့ပြီး တန်ဖိုးမြင့်သစ်အချောထည် ထုတ်လုပ်တင်ပို့မှုဦးတည် ဆောင်ရွက်နိုင်ရေးအတွက် မြန်မာ့သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးသည် အရေးကြီးကြောင်း၊ ထုတ်လုပ်မှုစွမ်းအားမြှင့်တင်ခြင်းမှာ ကုန်ကြမ်းနည်းနည်းနှင့် အရည်အသွေးမြင့် ဈေးကွက်ဝင်ကုန်ချောပမာဏ ပိုမိုထွက်ရှိအောင် ဆောင်ရွက်ခြင်းဖြစ်ရာ နည်းပညာတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ဈေးကွက်ချဲ့ထွင်ရေးနှင့် အရောင်းမြှင့်တင်ရေး ကြိုးပမ်းသွားခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းပါဝင်ကြရန် မှာကြားလိုကြောင်းဖြင့် မှာကြားပြီး သင်တန်းကျောင်း အဆောက်အအုံကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၄၅ ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၃-၆-၂၀၁၁ (ကြာသပတေးနေ့)

[၁၃၇၃ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက် (အဖိတ်နေ့)]

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၂၀ ၈။ အကပဒေသာ
- ၈း၃၀ ၉။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၄း၃၀ ၄။ အတီးပြိုင်ပွဲ
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (ရူက္ခဗေဒ၊ သတ္တဗေဒ၊ အထူးပြုများ) (ရူက္ခဗေဒ)
- ၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၅ ၇။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၅း၂၀ ၈။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင် (Forest China The Taklamakan Desert) (Part-2)
- ၅း၃၅ ၉။ "ရတနာစုံညီနေပြည်တော်ဆီ"
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ **ပျော်ရွှင်စေသောနေ့ရက်များ "အချစ်ကော်ဖီ"(အပိုင်း-၅၆)**
- ၆း၄၀ ၁၃။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
- ၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြံ့ကြံ့ဖန်ဖန်အမွေဆိုင်" (အပိုင်း-၃)**
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **"အစာလည်းဆေး၊ ဆေးလည်းအစာ"**
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှောင်ကြိုး"(အပိုင်း-၇)**
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသော မေတ္တာ" (အပိုင်း-၇၀)**
- ၂၁။ အစီအစဉ်ပြီး၏။

၂၀၁၁ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများကြေညာ

ရန်ကုန် ဇွန် ၂၂

၂၀၁၁ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများကို ဖိတ်ခေါ်ကျင်းပခဲ့သည်။ ဆောင်းပါးပြိုင်ပွဲကို "မြတ်နိုးစရာ မေမြန်မာပြည်ရွာအကျိုးဆောင်သယ်ပိုး" ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို "ယဉ်ကျေးလှပ မြန်မာအမျိုးသမီးများဘဝ" ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပခဲ့ရာ အဆိုပါ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိခဲ့ကြသည့် အမည်စာရင်းကို ပြိုင်ပွဲကျင်းပရေးကော်မတီက ယနေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။

ဆောင်းပါးပြိုင်ပွဲတွင် ပထမဆု မစောဣန္ဒာသက်မောင် (စောဣန္ဒာသက်မောင်)၊ ဒုတိယဆု ဦးတင်ထွန်း (ချယ်ရီမြေမောင်တင်ထွန်း)၊ တတိယဆု ဒေါ်ခင်ဝတ်ရည်(ဝတ်ရည်ခင်-ပဲခူး)တို့ ရရှိကြသည်။ အထူးဆုများအဖြစ် ဦးစိုးမြင့်(ဖိုးရာဇာ-သာစည်)၊ ဒေါက်တာနွယ်နွယ်စိုး (နွယ်လေး-မြန်မာစာ)၊ ဗိုလ်ချမ်းငြိမ်းသူ (ချမ်းငြိမ်းသူ)၊ ဒေါက်တာ ခင်မေတ္တာမိုးစံ (ဒေါက်တာခင်မေတ္တာမိုးစံ၊ M.B.,B.S)နှင့် မရင်အေးမွန်တို့ ရရှိကြသည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပထမဆု စောအောင်မင်း A.M.P.S(နယူးအာရှဓာတ်ပုံ)၊ ဒုတိယဆု အောင်ဌေးလှိုင်၊ တတိယဆု စစ်ကိုင်းအောင်ကျော်တင်တို့ရရှိကြပြီး အထူးဆုများအဖြစ် ဦးသိန်းဝင်း(ခ)ထက်သူ(ရွှေကျောင်းကြီး)၊ ကျော်ကျော်ဝင်း(မြန်မာနိုင်ငံဓာတ်ပုံအသင်း)၊ သန္တာစိုး၊ အောင်ကျော်ထွန်း(ပုသိမ်ကြီး)နှင့် အောင်ဌေးလှိုင်တို့ ရရှိကြသည်။

ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများ အနက် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသူများအား ၂၀၁၁ ခုနှစ် ဇူလိုင် ၃ ရက်တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကျင်းပမည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား၌ ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။ ဆောင်းပါးပြိုင်ပွဲတွင် အထူးဆု ရရှိခဲ့သူများအား မိမိတို့၏ တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၌ ကျင်းပမည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ဆုရရှိသူများသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမှတ်(၁၃၂) သံလွင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁ -၅၀၁၇၇၃ နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီ အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂ တို့သို့ ဇွန် ၂၅ ရက် နောက်ဆုံးထား၍ ဆက်သွယ် သတင်းပေးပို့ရမည် ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံသားတို့၏ အားကစားအပေါ် အားပေးချီးမြှောက်မှုကို တွေ့မြင်နိုင် အားကစားသမားများ၏ အရည်အသွေးများ တိုးတက်အောင်လေ့ကျင့်ပေး

နေပြည်တော် ဇွန် ၂၂

မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်အသီးသီး၌ တွဲဖက်တာဝန် ထမ်းဆောင်နေကြသော အားကစားဝန်ကြီးဌာနမှ အရာထမ်းများအား တွေ့ဆုံမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးက မှာကြားရာ၌ ယနေ့အစည်းအဝေးတွင် ဆွေးနွေးဆောင်ရွက်ချက်များသည် အဖွဲ့ချုပ်အသီးသီး၌ တွဲဖက်တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်းများအတွက် လုပ်ငန်းလမ်းညွှန်ချက်ပင်ဖြစ်ကြောင်း၊ မကြာသေးမီက ပြုလုပ်ခဲ့သော မြန်မာ့အားကစားအောင်နိုင်ရေး အလှူငွေပေးအပ်ပွဲတွင် စေတနာရှင် အလှူရှင်များ၏ စိတ်အားထက်သန်စွာ ထည့်ဝင်လှူဒါန်းမှု ပမာဏကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံသားတို့၏ အားကစားအပေါ် အားပေးချီးမြှောက်မှုကို ကျေနပ်အားရစွာ တွေ့မြင်နိုင်ကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် မြန်မာ့အားကစား အောင်နိုင်ရေးအတွက် ငွေအား၊ လူအားနှစ်ရပ်ကို ပေါင်းစပ်ကာ စနစ်တကျ အသုံးပြုကြရန်၊ အားကစားသမားများ၏ အရည်အသွေးများကိုလည်း တိုးတက်အောင်လေ့ကျင့်ပေးရန်နှင့် စည်းကမ်းရှိရှိ လေ့ကျင့်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အားကစားအဖွဲ့ချုပ်များ၌ တာဝန်ထမ်းဆောင်နေကြသည့် မိမိဌာနမှ အရာထမ်းများအနေဖြင့်လည်း ထူးချွန်ထက်မြက်စွာ ကြိုးစားလုပ်ကိုင်သွားရန်လိုကြောင်း၊ အဖွဲ့ချုပ်အသီးသီး၌ တွဲဖက်တာဝန်ထမ်းဆောင်နေကြသူများအနေဖြင့် အဘက်ဘက်မှ ထူးချွန်ထက်မြက်ပြီး ဦးဆောင်နိုင်သူများအဖြစ် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူးချုပ်များက စခန်းသွင်းလေ့ကျင့်နေကြသည့် အားကစားအဖွဲ့ချုပ် အသီးသီးသို့ ကြီးကြပ်စစ်ဆေးမည့် နည်းစနစ်ပိုင်းဆိုင်ရာများနှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာ အချက်အလက်များကို လည်းကောင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးခင်မောင်လွင်က အားကစားလေ့ကျင့်ရေး သဘောတရားပိုင်းနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးသိန်းအောင်က အားကစားလေ့ကျင့်ချိန်ကာလနှင့် စံချိန်စံညွှန်းဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က တွဲဖက်တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်းများအား ပေါင်းစပ်ဆောင်ရွက်ရမည့် အချက်များနှင့် ဆောင်ရန်၊ ရှောင်ရန်များကို လည်းကောင်း ဆွေးနွေးတင်ပြကြရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူက ဆွေးနွေးချက်များအပေါ် ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အားကစားအဖွဲ့ချုပ်တစ်ခုချင်းမှ တာဝန်ရှိသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့ကြသည်။

(သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန အရာထမ်းအဆင့် အင်္ဂလိပ်စာအခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၂၂

သာသနာရေးဝန်ကြီးဌာန အရာထမ်းအဆင့် အင်္ဂလိပ်စာအခြေခံသင်တန်းအမှတ်စဉ်(၃)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် တက်ရောက်အမှာစကားပြောကြားသည်။ အဆိုပါ သင်တန်းကာလမှာ ဇူလိုင် ၁၄ ရက်အထိ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် သာသနာရေးဝန်ကြီးဌာန အရာထမ်းအဆင့် အင်္ဂလိပ်စာအခြေခံသင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးဆောင်ရွက်

နေပြည်တော် ဇွန် ၂၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၂ ရက် နံနက်ပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ဦးစီးဌာနမှူးရုံး၌ မြို့နယ်ရုံးဝန်ထမ်းများက ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံသားအရည်အချင်းပြည့်မီသူများ၏ အသက်(၁၀)နှစ်ပြည့် လျှောက်ထားခြင်း၊ အသက်(၁၈)နှစ်ပြည့်လဲလှယ်ခြင်း၊ ပျက်စီး/ပျောက်ဆုံး၍ မိတ္တူ လျှောက်ထားခြင်းများအတွက် ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက ပြည်သူတစ်ဦးချင်းထံ ပေးအပ်နေမှုကို ကြည့်ရှုအားပေးပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားလာရောက်လျှောက်ထားသူပြည်သူများအား မိမိဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြို့နယ်ရုံးမှတ်တမ်းခန်းကို ကြည့်ရှုစစ်ဆေး၍ မှတ်တမ်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားပြီး ရုံးခန်းမ၌ ဝန်ထမ်းများအား တွေ့ဆုံကာ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များ၊ မျိုးချစ်စိတ်ဓာတ်အရင်းခံဖြင့် ပြည်သူအပေါ် စေတနာထားကာ လုပ်ငန်းများ အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည့် အခြေအနေများ၊ ရုံးပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ် သာယာလှပရေး ဆောင်ရွက်ရန် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့သည်။ (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပျဉ်းမနားမြို့နယ် ဦးစီးဌာနမှူးရုံး၌ မြို့နယ်ရုံးဝန်ထမ်းများက ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနိုင်ရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

သတိပြုဆင်ခြင်စရာ

ငွေကျပ်သိန်း ၃၀ ကျော်တန်ဖိုးရှိ လက်တော့ပ်ကွန်ပျူတာများ ခိုးယူသူကို တစ်ရက်အတွင်း ဖမ်းမိ

ရန်ကုန် ဇွန် ၂၂

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် (၇)ရပ်ကွက် ဆိပ်ကမ်းသာလမ်းရှိ ကွန်ပျူတာဆိုင်တစ်ဆိုင်၌ ဇွန် ၃ ရက်က ငွေကျပ်သိန်း ၃၀ ကျော်တန်ဖိုးရှိ လက်တော့ပ်ကွန်ပျူတာ ခြောက်လုံး ပျောက်ဆုံးနေကြောင်း ပိုင်ရှင်ဖြစ်သူက သက်ဆိုင်ရာရဲစခန်းသို့ တိုင်ကြားခဲ့သည်။

မြို့နယ်ရဲတပ်ဖွဲ့က သတင်းစုံစမ်းလျက်ရှိစဉ် ဇွန် ၄ ရက် မွန်းလွဲပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း လက်တော့ပ်ကွန်ပျူတာတစ်လုံး လိုက်လံရောင်းချနေသည့် မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူမီးရထားဝင်းနေ ဖြိုးဝေ(ခ)ငပိန်(ခ)ပြည့်ဖြိုးအောင်(၂၅)နှစ်အား တွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးရာ ဖြိုးဝေက တစ်ရပ်ကွက်တည်းနေ ထွန်းမင်းစိုး(ခ) လူခင်(၂၈)နှစ်နှင့် သာကေတမြို့နယ်နေ အေးနိုင်(ခ)အေးနိုင်ဦး(၂၅)နှစ်တို့က လက်တော့ပ်ကွန်ပျူတာ ခြောက်လုံးကို ရောင်းခိုင်းသဖြင့် တစ်လုံးကို ရောင်းချနေခြင်းဖြစ်ကြောင်း ဖော်ထုတ်ရရှိသည်။ ကျန်ရှိသော လက်တော့ပ်ကွန်ပျူတာ သုံးလုံးကိုလည်း သက်သေများနှင့်အတူ ဖြိုးဝေ၏ နေအိမ်မှထပ်မံသိမ်းဆည်းကာ ယင်းနေ့ညနေပိုင်းတွင် ထွန်းမင်းစိုး(ခ) လူခင်အား သိမ်ဖြူမီးရထားဝင်း၌ လည်းကောင်း၊ ညပိုင်းတွင် အေးနိုင်(ခ) အေးနိုင်ဦးအား လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်စစ်ဆေးဖော်ထုတ်ချက်အရ အေးနိုင်(ခ)အေးနိုင်ဦးသည် ဇွန် ၃ ရက် နံနက် ၄ နာရီခန့်တွင် ကွန်ပျူတာဆိုင်အတွင်းသို့ သံဘာဂျာတံခါးအား သစ်သားချောင်းဖြင့် ကလန့်၍ ဝင်ရောက်ကာ လက်တော့ပ်ကွန်ပျူတာ ခြောက်လုံးကို ခိုးယူခဲ့ပြီး လေးလုံးကို ဖြိုးဝေထံ ရောင်းချရန် ပေးထားခဲ့ကြောင်း၊ ကျန်နှစ်လုံးကို ပုဇွန်တောင်ဘူတာနေ ကုန်တင်ကုန်ချအလုပ်သမား ဦးညွန့်သန်းထံ ငွေကျပ်ခြောက်သောင်းခွဲဖြင့် ရောင်းချခဲ့ကြောင်း သိရှိရသဖြင့် အဆိုပါ ရောင်းချခဲ့သော လက်တော့ပ်ကွန်ပျူတာ နှစ်လုံးကို သက်သေများနှင့်အတူ ဇွန် ၆ ရက်တွင် ပြန်လည်သိမ်းဆည်းခဲ့သည်။

ပြစ်မှုကျူးလွန်သူများအား ထိရောက်သော ပြစ်ဒဏ်ရရှိရေးအတွက် သက်ဆိုင်ရာရဲတပ်ဖွဲ့က အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ရီရီမြင့်)

ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အရှည် ၇၄ ပေ၊ အကျယ် ၁၂ ပေရှိ ကျုံကဒွန်းကျေးရွာ တံတားဆောက်လုပ်ခြင်းလုပ်ငန်းပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် အင်ဂျင်နီယာမှူး ဦးတင်မောင်စိုးတို့ ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသီဟဝင်း ရှင်းလင်းတင်ပြစဉ်။ (၃၈၃)

ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြော

နေပြည်တော် ဇွန် ၂၂

မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို ဇွန် ၁၆ ရက်တွင် မော်လမြိုင်မြို့နယ် ကျောက်တန်းစံပြကျေးရွာ၌ ကျင်းပရာ မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါက်တာညွန့်ဝေနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ တက်ရောက်အားပေးကြပြီး မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြတ်သာထွန်းက ငါးမျိုးပြုန်းတီးမှုကာကွယ်စောင့်ရှောက်ရေး နည်းလမ်းများနှင့် ကျေးရွာအုပ်စုများအရောက် ပညာပေးဆောင်ရွက်မှု အခြေအနေနှင့် နည်းလမ်းစည်းကမ်းများကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ရေလုပ်ငန်းလုပ်ကိုင်သူများအား ရှင်းလင်းဆွေးနွေးသည်။

ဟောပြောပွဲတွင် ပညာပေးလက်ကမ်းစာစောင်၊ စီဒီခွေနှင့် ငွေပင်လယ်ဂျာနယ်များ ဖြန့်ဝေပေးပြီး ကျေးရွာစာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဝက်နားရွက်ပြာရောဂါအကြောင်း ဟောပြောဆွေးနွေး

သိန်းနီ ဇွန် ၂၂

သိန်းနီမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးကော်မတီတို့ ပူးပေါင်းကျင်းပသော ဝက်နားရွက်ပြာရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောဆွေးနွေးပွဲကို ဇွန် ၁၈ ရက် မြို့တော်ခန်းမ၌ ကျင်းပရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာနေမင်းထွန်းက ဝက်နားရွက်ပြာရောဂါအကြောင်းနှင့် ရောဂါတားဆီးကာကွယ်ရေးလုပ်ငန်းအကြောင်းကို လည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဦးစီးမှူး ဒေါက်တာအေးနိုင်က ဝက်မှတစ်ဆင့်လူသို့ ကူးစက်တတ်သော ရောဂါများအကြောင်း အသိပညာပေးရှင်းလင်းပြောကြားခဲ့သည်။

(မြို့နယ်ပြန်/ဆက်)

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် အမှတ်(၁၁)ရပ်ကွက်ရှိ အမက (၃၀) နှင့် အမက(၃၁) မူလွန်ကျောင်းများသို့ စာသင်ခုံနှင့် ကျောင်းသုံးစာအုပ်များ လှူဒါန်းပွဲကို ဇွန် ၄ ရက်က ရပ်ကွက်ရုံးခန်းမ၌ ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့် အလှူရှင်များက လှူဒါန်းသော စာသင်ခုံအစုံ ၃၀ နှင့် စာအုပ်ဒါဇင် ၅၀ အား (၁၁) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်စိုးနီမှ ကျောင်းအုပ်ဆရာကြီးများသို့ ပေးအပ်လှူဒါန်းစဉ်။

(၃၂၉)

မော်တော်ဆိုင်ကယ်စီးသူများ လိုက်နာရန်

(၁) မော်တော်ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးသေချာစွာတပ်၍ စီးရမည်။
(၂) နှစ်ဦးထက်ပိုမစီးရ။
(၃) နောက်ထိုင်ခုံတွင် တစ်ဦးထက်ပို၍ မတင်ရ။
(၄) အရှိန်ပြင်းမမောင်းရ။
(၅) လက်ယာဘက်အစွန်ဆုံးယာဉ်ကြောမှ မောင်းနှင်ရမည်။
(၆) သတ်မှတ်ထားသည့် လမ်းစည်းကမ်းများကို လိုက်နာရမည်။
(၇) ဆိုင်ကယ်မောင်းလိုင်စင်နှင့် သက်တမ်းရှိ ယာဉ်သက်သေခံလက်မှတ်ပါရှိရမည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ပြည်တွင်း ပြည်ပ အားကစားသတင်းများ

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်(BxF) နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ၂၀ ရက် နံနက် ၉ နာရီက အဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးရန်ဝင်းနှင့် ဗဟိုအလုပ်အမှုဆောင်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌက မိမိတို့အနေဖြင့် အိမ်ရှင်အဖြစ် ဆောင်ရွက်ရမည့် (၂၇)ကြိမ်မြောက် ၂၀၁၃ ဆီးဂိမ်းတွင် အောင်မြင်မှုရရှိရန် ဦးတည်ကြိုးပမ်းနေခြင်းဖြစ်သော်လည်း လာမည့်နိုဝင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် (၂၆)ကြိမ်မြောက် ဆီးဂိမ်းမှာပင် စတင်အောင်မြင်မှု ရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲမှာလည်း လေးလသာ လိုတော့သည့်အတွက် အဖွဲ့ချုပ်အနေဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရတော့မည် ဖြစ်ကြောင်း အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးက တစ်နှစ်အတွင်း လေ့ကျင့်ပြိုင်ပွဲဝင်ခဲ့မှုများ၊ ဆီးဂိမ်းမတိုင်မီ တရုတ်၊ အိန္ဒိယ စသည့်နိုင်ငံများနှင့် ပူးတွဲလေ့ကျင့်မှု ပြုလုပ်နိုင်ရန် လျာထားချက်များကို ရှင်းလင်းတင်ပြသည်။ အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်က အနာဂတ်လူငယ် စီမံကိန်းအတွက် ဧရာဝတီတိုင်းဒေသကြီးမှ မော်လမြိုင်ကျွန်း၊ မန္တလေးတိုင်းဒေသကြီးမှ မန္တလေးမြို့၊ ကရင်ပြည်နယ်မှ ဘားအံမြို့များတွင် စီစဉ်ထားသည်။ အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးစာမေးပွဲကိစ္စနှင့် အိုလံပစ်သွေးစည်းညီညွတ်ရေး အစီအစဉ်အရ နည်းပြသင်တန်းဖွင့်လှစ်မည့် အစီအစဉ်များကိုလည်းကောင်း၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးများက ကော်မတီအလိုက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဆွေးနွေးကြပြီး ဆေးမှူးများက အစာအာဟာရပိုင်း ကိုယ်ခန္ဓာလေ့ကျင့် ထိန်းသိမ်းမှုနှင့် ပြိုင်ပွဲနီးကာလ လေ့ကျင့်မှုပိုင်းများကိုလည်းကောင်း၊ နည်းပြချုပ် ဦးတင်မောင်ဖေနှင့် နည်းပြဆရာများက ပြိုင်ပွဲကာလနှင့် ချိန်ဆ ရေးဆွဲထားသည့် လေ့ကျင့်ရေးအစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြသည်။

(မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲဖွင့်

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အလေးမပြိုင်ပွဲကို ဇွန် ၂၀ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် အလေးမအသင်းများက သတ်မှတ်နေရာတွင် နေရာယူပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌကိုယ်စား မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဝင်းလွင်က အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲကို စတင်ကျင်းပရာ အမျိုးသား တတိယတန်းအဆင့် ၅၆ ကီလိုတန်းပြိုင်ပွဲတွင် ဖုန်းမြင့်နိုင်(ရန်ကုန်မြို့တော်စည်ပင်)က စုစုပေါင်း ၁၈၂ ကီလိုဖြင့် ပထမ၊ ကိုကိုမောင်(ကာကွယ်ရေး)က ဒုတိယနှင့် ဖြိုးဝေလင်း(အား/ကာသိပ္ပံ-ရန်ကုန်)က တတိယ ရရှိသွားသည်။

အမျိုးသမီး တတိယတန်းအဆင့် ၄၈ ကီလိုတန်းပြိုင်ပွဲတွင် ညိုညို(လယ်/ဆည်)က စုစုပေါင်း ၁၁၇ ကီလိုဖြင့် ပထမ၊ မိုးဆန်း(လယ်/ဆည်)က ဒုတိယနှင့် နှင်းအိဖြူ [မြောင်းမြ (ခ) အသင်း]က တတိယ ရရှိသွားသည်။

အမျိုးသမီး ပထမတန်းအဆင့် ၄၈ ကီလိုတန်းပြိုင်ပွဲတွင် မိုင်ဇင်ပွင့်ဖြူ [အမှတ်(၁) စက်မှု]က စုစုပေါင်း ၁၅၈ ကီလိုဖြင့် ပထမ၊ ထက်ပိုင်ဦး [အမှတ်(၁) စက်မှုဝန်ကြီးဌာန]က ဒုတိယနှင့် ပပလင်း [ရထားပို့ဆောင်ရေး (က)အသင်း]က တတိယ၊ ပထမတန်းအဆင့် ၅၃ ကီလိုတန်းပြိုင်ပွဲတွင် အေးသန္တာလွင်[အမှတ်(၁)စက်မှု]က စုစုပေါင်း ၂၅၃ ကီလိုဖြင့် ပထမ၊ မေဖြိုးမိုး [ရထားပို့ဆောင်ရေး(က)အသင်း]က ဒုတိယနှင့် ရွှေစင်ဝင်း(လယ်/ဆည်)က တတိယနှင့် ပထမတန်းအဆင့် ၅၃ ကီလိုအထက်ပြိုင်ပွဲတွင် လဲ့လဲ့ဝင်း[အမှတ်(၁) စက်မှု]က စုစုပေါင်း ၁၉၅ ကီလိုဖြင့် ပထမ ၊ မိုးသူဇာ (အား/ကာသိပ္ပံ-ရန်ကုန်)က ဒုတိယနှင့် ဟေမာမြင့်ဝင်း [အမှတ်(၁) စက်မှု]က တတိယ ရရှိကြရာ တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

(သတင်းစဉ်)

ကာယဗလမောင်နှင့်ကာယအလှမယ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၂

၂၀၁၁ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ် ပြိုင်ပွဲကို မြန်မာနိုင်ငံ ကာယဗလနှင့်ကာယအလှအဖွဲ့ချုပ်နှင့် MGS Beverages Co., Ltd.တို့ ပူးပေါင်း၍ ဇူလိုင် ၂ ရက်(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Myanmar Convention Centre၌ ကျင်းပမည်ဖြစ်ရာ အသက်(၂၁)နှစ်အထက် အမျိုးသား၊ အမျိုးသမီး အကြီးတန်းပြိုင်ပွဲ၊ အသက်(၂၁)နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီး အငယ်တန်းပြိုင်ပွဲနှင့် အသက်(၅၀)နှင့်အထက် သက်ကြီးတန်း အမျိုးသားပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ အသက်(၂၁)နှစ်နှင့်အထက် အမျိုးသမီး အကြီးတန်းပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများသည် အရပ် ၅ ပေ ၃ လက်မနှင့်အထက် ရှိရမည်ဖြစ်ပြီး အသက်(၂၁)နှစ်နှင့်အောက် အမျိုးသမီး အငယ်တန်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်သူများသည် အနိမ့်ဆုံး အရပ် ၅ ပေ ၂ လက်မ ရှိရမည်ဖြစ်သည်။ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့်သူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း တင်ပြနိုင်သူ ဖြစ်ရမည်။

ပြိုင်ပွဲဝင်လိုသူများသည် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဘတ်ဂျက်နှင့် ငွေစာရင်းဌာန ဌာနမှူး ဦးကျော်သန်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အားကစားစခန်း မင်္ဂလာတောင်ညွန့်မြို့နယ် ကာယဗလအားကစားစခန်း တာဝန်ခံ ဦးဝင်းကြည်ထံ ဇွန် ၂၈ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ စာရင်းပေးသွင်းရန်နှင့် ပြိုင်ပွဲဝင်များ အသက်စစ်ဆေးခြင်း၊ အတန်းခွဲခြားခြင်း၊ အမျိုးသမီးများဆေးစစ်ခြင်း၊ အရပ်တိုင်းတာခြင်း၊ မှတ်တမ်းယူခြင်းများကို ဇွန် ၃၀ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့တော်စည်ပင် အားကစားစခန်း၌ ဆောင်ရွက်မည်ဖြစ်သည်။

(သတင်းစဉ်)

၂၀၁၁ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဘောလုံးခန့်မှန်းသူများအဖြစ် ရေဘဝဲများပါဝင်လာဦးမည်

ဘာလင် ဇွန် ၂၂

လာမည့် ဇွန် ၂၆ ရက် (တနင်္ဂနွေနေ့)တွင် ဂျာမနီနိုင်ငံ၌ ကျင်းပတော့မည့် ၂၀၁၁ အမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဘောလုံးခန့်မှန်းသူများအဖြစ် ရေဘဝဲများ၏ အခန်းကဏ္ဍကလည်း ပါဝင်လာဦးမည်ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၀ တောင်အာဖရိကကမ္ဘာ့ဖလားပြိုင်ပွဲတွင် ရေဘဝဲပေါလ်၏ အံ့သြဖွယ်ခန့်မှန်းမှုများကို တစ်ကမ္ဘာလုံးရှိ ပရိသတ်များ စိတ်မဝင်စားဘဲ မနေနိုင်ဖြစ်ခဲ့ရသည်။ သို့သော် ရေဘဝဲပေါလ်မှာ သေဆုံးသွားခဲ့ပြီဖြစ်၍ ၎င်း၏နေရာကို ဆက်ခံနိုင်မည့်မျိုးဆက်သစ်ကို ဂျာမန်များက စမ်းသပ်နေသည်မှာ အချိန်ကာလအတိုင်းအတာတစ်ခုထိရှိလာခဲ့ပြီဖြစ်သည်။

ယခုအချိန်တွင် ဂျာမန်များသည် ပေါလ်၏နေရာကို အစားထိုးနိုင်ရန်အတွက် ရေဘဝဲရှစ်ကောင်တိတိ လျာထားလျက်ရှိပြီး အဆိုပါ ရှစ်ကောင်ကို ဂျာမနီ၏မြို့ကြီးရှစ်မြို့တွင်ထားကာ ဂျာမနီအသင်း၏ပွဲစဉ်တိုင်းကို ခန့်မှန်းစေမည်ဖြစ်သည်။ ထိုသို့ခန့်မှန်းရာတွင် အများဆုံးမှန်ကန်အောင်ခန့်မှန်းနိုင်သည့် ရေဘဝဲသည် ပေါလ်၏မျိုးဆက်အဖြစ် ဆက်ခံခွင့်ရရှိမည်ဖြစ်သည်။ ၂၀၁၁ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ ကျင်းပချိန်တွင် ထိုရေဘဝဲများထားရှိမည့် မြို့ကြီးများမှာ အိုဘာဟောက်ဆန်၊ ဘာလင်၊ ဟန်နိုဗာ၊ကိုးနစ်ဂ်ဝင်တာ၊ ကွန်စတန့်၊ မြူးနစ်၊ စပေယာနှင့် တင်မန်ဒေါ်ဖာစထရန်းတို့ဖြစ်သည်။

အင်တာနက်။

ဟန်သစ်

အန်ဒရီဗီးလက်စ်-ဘိုစ် ချယ်လ်ဆီးအသင်း၏မန်နေဂျာသစ်ဖြစ်လာ

လန်ဒန် ဇွန် ၂၂

၂၀၁၀-၂၀၁၁ ဘောလုံးရာသီ ပရီမီယာလိဂ်ပွဲ ပြီးဆုံးသည့်ရက်မှပင် နည်းပြလက်မဲ့ဖြစ်နေသည့် ချယ်လ်ဆီးအသင်းသည် ယခုအချိန်တွင် ပေါ်တိုနည်းပြ အန်ဒရီဗီးလက်စ်-ဘိုစ်**(ယာပုံ)**ကို သုံးနှစ်စာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ပြီဟု သိရသည်။

ချယ်လ်ဆီးအသင်းသည် အသက်(၃၃)နှစ်ရှိ အန်ဒရီဗီးလက်စ်-ဘိုစ်ကို စတမ်းဖို့ဒ်ဘရက်ချ်သို့ ခေါ်ယူရာတွင် တစ်နှစ်လုပ်ခလစာ ပေါင် ၄ ဒသမ ၄ သန်းပေးရသည်ဟုဆိုသည်။ ၎င်းသည် ၂၀၀၄ ခုနှစ်က ရုရှားသူဌေးအေဗရာမိုဗစ်ချ် ချယ်လ်ဆီးကို ဝယ်ယူပြီးနောက်တွင် ချယ်လ်ဆီးအတွက် ရှစ်ဦးမြောက်ရောက်ရှိလာသည့် နည်းပြဖြစ်သည်။ အန်ဒရီဗီးလက်စ်-ဘိုစ်ရောက်လာချိန်တွင် ချယ်လ်ဆီးကစားသမားများဖြစ်သည့် လမ်းပတ်နှင့် ဒရော့ဘာတို့၏ အနာဂတ်မှာလည်း မသေချာ မရေရာဖြစ်လာခဲ့ပြီဟု ဆိုသည်။ ထို့ပြင် ပေါ်တိုအသင်းသည်လည်း နည်းပြကောင်းတစ်ဦး ဆုံးရှုံးလိုက်ရပြီဖြစ်သလို အသင်းတွင် အားထားရသည့် တိုက်စစ်မှူးဖယ်ကအိုနှင့် ကွင်းလယ်ကစားသမား မော်တင်ဟိုတို့ကိုလည်း လက်လွှတ်ရရန် ရာနှုန်းများနေသည်။

ချယ်လ်ဆီးအသင်းသည် အဆိုပါ ပေါ်တိုကစားသမားများဖြစ်သည့် ဖယ်ကာအိုကို ပေါင် ၂၆ ဒသမ ၅ သန်းနှင့် မော်တင်ဟိုကို ပေါင် ၃၅ သန်းပေး၍ ခေါ်ယူမည်ဟုဆိုသည်။ ပေါ်တိုအသင်းသည် အန်ဒရီဗီးလက်စ်-ဘိုစ် ချယ်လ်ဆီးသို့ ရောက်သွားပြီးနောက် ချက်ချင်းပင် လက်ထောက်နည်းပြ ဗစ်တာပီရီရာရီကို နည်းပြအဖြစ်ခန့်အပ်လိုက်သည်။

The Sun။

ပြည်တွင်းဈေးကွက်သတင်း

ပြည်တွင်းဈေးကွက်သတင်း

ယခုအပတ် ပြည်တွင်း ပဲမျိုးစုံဈေးကွက်တွင် မတ်ပဲနှင့် ပဲစင်းငုံ(နီ)ဈေးကွက်တို့မှာ ထူးထူးခြားခြား ဈေးနှုန်းများ တက်လာခဲ့သော်လည်း ပြည်တွင်းစားသုံးဆီဈေးကွက်တွင်မူ ဈေးကွက်လိုက်၍ ဈေးနှုန်းအပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိသည်။

မတ်ပဲ *။ ။ မုံရွာ၊ ပြည်၊ ဟင်္သာတမတ်ပဲဈေးကွက်တို့တွင် ဈေးနှုန်းများ တက်လာသော်လည်း မန္တလေးမတ်ပဲဈေးကွက်မှာမူ ဈေးနှုန်း အနည်းငယ်ကျဆင်းခဲ့သည်။*

ပဲတီစိမ်း *။ ။ ပဲတီစိမ်းဈေးကွက်အသီးသီး၌ ပဲတီစိမ်းအရည်အသွေးပေါ်မူတည်၍ ဈေးပေးဝယ်ယူခြင်းကြောင့် မုံရွာပဲတီစိမ်းဈေးကွက်၊ မန္တလေးပဲတီစိမ်းဈေးကွက်တို့မှာ ဈေးနှုန်းများ ကျဆင်းလျက်ရှိသော်လည်း ပခုက္ကူနှင့် ဟင်္သာတ ပဲတီစိမ်းဈေးကွက်များမှာ ဈေးကွက်အခြေအနေအရ ဈေးနှုန်းတည်ငြိမ်လျက်ရှိသည်။*

ပဲစင်းငုံ(နီ) *။ ။ မန္တလေးပဲစင်းငုံ(နီ)ဈေးကွက်မှာ ဈေးနှုန်းတည်ငြိမ်လျက်ရှိသော်လည်း မုံရွာ၊ ပြည်နှင့် မြင်းခြံ ပဲစင်းငုံ(နီ) ဈေးကွက်များတွင် ယခင်အပတ်က ပဲစင်းငုံ(နီ) တစ်ပိဿာ ကျပ် ၆၀၀ မှ ယခု ကျပ် ၆၇၀ သို့ တက်လာခဲ့ပြီး ပခုက္ကူ၊ အောင်လံနှင့် မကွေး ပဲစင်းငုံ(နီ)ဈေးကွက်တို့မှာ တစ်ပိဿာ ကျပ် ၆၈၀ ထိ တက်လာခဲ့သည်။*

ပဲဆီ *။ ။ ရန်ကုန်ပဲဆီဈေးကွက်မှာ ယခင်က ပဲဆီတစ်ပိဿာ ကျပ် ၃၈၀၀ မှ ယခု ကျပ် ၃၉၀၀ သို့လည်းကောင်း၊ မန္တလေးပဲဆီဈေးကွက်မှာ ယခင်ပဲဆီတစ်ပိဿာ ကျပ် ၃၅၀၀ မှ ယခု ကျပ် ၃၆၀၀ သို့လည်းကောင်း တက်လာခဲ့သည်။ ပဲခူးနှင့်စစ်တွေ ပဲဆီဈေးကွက်တို့တွင် ပဲဆီဈေးနှုန်း အေးနေသော်လည်း မကွေးပဲဆီဈေးကွက်မှာ ယခင် ပဲဆီတစ်ပိဿာ ကျပ် ၃၈၀၀ မှ ယခု ကျပ် ၃၇၀၀ သို့လည်းကောင်း၊ တောင်ကြီးပဲဆီဈေးကွက်မှာ ယခင် ပဲဆီတစ်ပိဿာ ကျပ် ၃၅၀၀ မှ ယခု ကျပ် ၃၄၀၀ သို့လည်းကောင်း ပဲဆီဈေးနှုန်းများ ကျဆင်းခဲ့သည်။*

နှမ်းဆီ *။ ။ ရန်ကုန်နှမ်းဆီဈေးကွက်မှာ နှမ်းဆီတစ်ပိဿာ ယခင်အပတ်က ကျပ် ၃၀၀၀ သာရှိခဲ့ရာမှ ယခု ကျပ် ၃၁၀၀ သို့ တက်လာခဲ့ပြီး မကွေးနှမ်းဆီဈေးကွက်မှာ ယခင် နှမ်းဆီတစ်ပိဿာ ကျပ် ၃၁၅၀ မှ ယခု ကျပ် ၂၉၅၀ သို့လည်းကောင်း၊ မုံရွာနှမ်းဆီဈေးကွက်မှာ နှမ်းဆီတစ်ပိဿာ ယခင်အပတ်က ကျပ် ၃၁၀၀ မှ ယခု ကျပ် ၃၀၀၀ သို့လည်းကောင်း ကျဆင်းခဲ့သည်။ အတက်အကျမရှိ တည်ငြိမ်လျက်ရှိသော နှမ်းဆီဈေးကွက်များမှာ မန္တလေး၊ ပဲခူး၊ တောင်ကြီးနှင့် စစ်တွေ နှမ်းဆီဈေးကွက်တို့ပင်ဖြစ်သည်။*

စားအုန်းဆီ *။ ။ ပဲခူးစားအုန်းဆီဈေးကွက်မှာ စားအုန်းဆီဈေးနှုန်း တည်ငြိမ်လျက်ရှိသော်လည်း မန္တလေးစားအုန်းဆီဈေးကွက်မှာ ယခင်အပတ်က စားအုန်းဆီတစ်ပိဿာ ကျပ် ၂၃၀၀ မှ ယခု ကျပ် ၂၂၀၀ သို့လည်းကောင်း၊ မကွေးစားအုန်းဆီဈေးကွက်မှာ ယခင်စားအုန်းဆီတစ်ပိဿာ ကျပ် ၂၃၅၀ မှ ယခု ကျပ် ၂၂၀၀ သို့လည်းကောင်း၊ မုံရွာ စားအုန်းဆီဈေးကွက်မှာ ယခင်အပတ်က စားအုန်းဆီတစ်ပိဿာ ကျပ် ၂၃၀၀ မှ ယခု ကျပ် ၂၁၀၀ သို့လည်းကောင်း၊ စစ်တွေစားအုန်းဆီဈေးကွက်မှာ ယခင် စားအုန်းဆီတစ်ပိဿာ ကျပ် ၂၉၀၀ မှ ယခု ကျပ် ၂၈၀၀ သို့လည်းကောင်း ဈေးကွက်လိုက်၍ ဈေးနှုန်းများ အသီးသီး ကျဆင်းခဲ့သည်။*

နိုင်လင်းကြည်

ပြည်သူ့ထံမှ ပေးစာများ

ပြည်တော်သစ်ရိပ်သာ အမှိုက်ပုံရှင်းပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၃)ရပ်ကွက် အောက်ပုဇွန်တောင်လမ်း သီတာဆိပ် ပြည်တော်သစ်ရိပ်သာ တိုက်(၂) လူသွားကွန်ကရစ်လမ်းဘေးရှိ အမှိုက်ပုံကြီး၏ အနံ့အသက်ဆိုးများကြောင့် ပတ်ဝန်းကျင်နေသူများနှင့် လမ်းသွားလမ်းလာများ ကျန်းမာရေးထိခိုက်စေပါ၍ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းလိုသူ

လမ်းပေါ်မှချိုင့်ခွက် ပြုပြင်ပြီးစီး

၁၇-၅-၂၀၁၁ ရက်ထုတ် ကြေးမုံသတင်းစာပါ မော်လမြိုင်မြို့ သိပ္ပံလမ်းမှ **လမ်းပေါ်မှချိုင့်ခွက်ပြုပြင်စေလို**ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ပဲပြားရေအနံ့ဆိုးများ ဆောင်ရွက်ပြီးစီး

၁၉-၅-၂၀၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မော်လမြိုင်မြို့ လှိုင်ရပ်ကွက် အုတ်ဖိုလမ်း အမှတ်(၄)ကားဂိတ်အနီးရှိ **ပဲပြားရုံမှစွန့်ထုတ်ရေနံ့နံစော်** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးကြောင်း ဖော်ပြအပ်သည်။ **မြို့နယ်စည်ပင်**

MPF YANGON



TAPE, CD, VCD & DVD

TV-VCD-DVD

Global Enchanting Education Centre

IELTS

ကုံကော်ရိပ်

သူမရှိ ငါမရှိ

ပူးသောက်ပန်းဒေသဆိုင်ရာမြို့ပြင်နယ်

(1) Junction Ph:571545, 09-5126882

(3) Ph:566592, 09-5011124

မင်းမဟာ

မီးသတိပြု

အမြန်ရောင်းမည်

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်နှင့် တစ်ဆက်တစ်စပ်တည်းရှိသည့် လယ်ဝေးမြို့ မြို့လယ်တွင်တည်ရှိသည့် အောက်ပါမြေကွက်နှင့် အဆောက်အအုံများကို ချိုသာသောစျေးနှုန်းဖြင့် ညှိနှိုင်းရောင်းချမည်ဖြစ်ပါသည်။

(၁) မြေကွက်အမှတ်-၃၁(က)
(၂) အကျယ်အဝန်း-၀. ၇၉၂၉ဧက
(၃) ရန်ကုန်-မန္တလေးလမ်းနှင့်လယ်ဝေးမြို့ ဘူတာရုံလမ်းကျယ်နှစ်ခုကြား
(၄) ဆန်စက်[ခေတ်မီဆန်စက်နှင့်သိုလှောင်ရုံ (၂)ရုံ] အပါအဝင်
(၅) ပါဝါမီတာမြင်းကောင်ရေ(၂၀)ပါရှိ
(၆) ဆိုစျေး သိန်း ၁၅၀၀/-
(၇) **ဆက်သွယ်ရန် ဖုန်းများ-၀၉-၄၉၂၀၀၃၀၅၊ ၀၉-၄၉၂၄၇၂၅၅၊ ၀၆၇-၃၀၂၅၅**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ သာစုကန်စက်မှုဇုန်၊ မြေကွက်အမှတ်(၉၇၊၉၈) ဧရိယာ(၅. ၃၅၇)ဧကကို အမည်ပေါက် ဦးကိုကိုထွေး[၁၂/စခန(နိုင်)၀၁၅၉၅၀]ထံမှ စာချုပ်စာတမ်းများဖြင့် တရားဝင်ဝယ်ယူထားသူများဖြစ်သည့် ဦးစိုင်းဝင်းအောင်[၁၃/တခလ(နိုင်)၀၃၄၈၂၄]၊ ဦးစိုင်းဝင်းထွန်း[၁၃/တခလ(နိုင်)၀၃၄၆၇၉]တို့မှ ပိုင်ဆိုင်မှု အမည်ပြောင်းလဲ၍ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

တောင်ဥက္ကလာ-သုမင်္ဂလာ လမ်းမကြီးပေါ်ရှိ ၂ ထပ် ပျဉ်ထောင် ပေ(၂၀ × ၇၀)ရေ၊ မီးစုံ ဖုန်းပါမည်။

စုံစမ်းရန် ဖုန်း-၀၉-၈၆၃၄၃၄၃

တိုက်ခန်းရောင်းမည်

ကမာရွတ်၊ ဦးထွန်းလင်းခြံလမ်း၊ သပြေညိုတိုက်(၁)၊ (၇)လွှာ ပေ(၂၀ × ၆၀)၊ ဟောတိုက်၊ ကျပ် သိန်း ၂၇၀

ဖုန်း-၀၉-၇၃၀၅၂၅၁၀၊ ၀၉-၅၄၀၄၆၄၂

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဇေယျာမင်းကို မှတ်ပုံတင်အမှတ်[၁၂/အစန(နိုင်)၁၄၉၀၉၉] ကိုင်ဆောင်သူ၏ အမည်ပေါက်ဖြစ်သော CDMA-450 MHZ HANDPHONE နံပါတ်-၀၉-၄၉၂၄၆၄၉၁ သည် ၃-၆-၂၀၁၁ ရက်တွင် စာရွက်စာတမ်းများနှင့်တကွ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၄၁၉၀၄၊ ၀၉-၅၁၅၉၀၉၀

သစ်အခြေခံစက်မှုလုပ်ငန်း သင်တန်းဖွင့်

ရန်ကုန် ဇွန် ၂၂

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း သင်တန်းကျောင်း လုပ်ငန်းကော်မတီမှ Factory Management သင်တန်းကို ဇွန် ၂၀ ရက်မှ ဇူလိုင် ၁ ရက်အထိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၆)ရပ်ကွက် ပင်လုံလမ်း အမှတ်(၆၇၄) ရှိ သစ်အခြေခံစက်မှုနည်းပညာ သင်တန်းဌာန၌ အခမဲ့ ဖွင့်လှစ်သွားမည်ဖြစ်ရာ ဖုန်း-၀၁-၂၁၄၈၃၈၊ ၂၁၄၈၃၉၊၂၁၄၈၄၀နှင့် ၅၈၁၃၇၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်

ဝိုင်းမော် ဇွန် ၂၂

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၇ ရက် မွန်းလွဲ ၁ နာရီက ဝိုင်းမော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဆမားခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းငွေးက အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းတင့်က နှစ်စဉ်စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် ဝိုင်းမော်မြို့နယ် အုပ်ချုပ်ရေးမှူးက လယ်ယာ၊ သားငါး၊ သစ်တော၊ သတ္တု၊ ဆက်သွယ်ရေးနှင့် ငွေရေးကြေးရေးကဏ္ဍစီမံကိန်းရည်မှန်းချက်များကို တာဝန်ရှိသူများသို့ တာဝန်ပေးအပ်ခဲ့သည်။ (မြို့နယ်ပြန်/ဆက်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

လက်ခံ တွေ့ဆုံ

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Alexey N. Borodavkin ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော် သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံ တွေ့ဆုံစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇွန် ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Alexey N. Borodavkin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာ၌ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Alexey N. Borodavkin ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mikhail MGELADZE နှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)